


# ပြုံးချိန်ရောက်မှ ပြုံးကြစမ်းပါ

(သစ္စကာပရိဗိုဇ်)

(၁၉-၄-၁၉၆၂)

၁၁၂

ကျေးဇူးတော်ရှင် မဟာထေရ်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၂၃) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

THITSARPARAMI LIBRARY
Date ........................

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသော တရားတော်

# ပြီးချိန်ရောက်မှ ပြီးကြစမ်းပါ

(သစ္စကပရိဗိုဇ်)

(၁[redacted]-၄-၆၂)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
သစ္စာလေးပါးတရားတော်
အမှတ်စဉ် (၂၃) မှ ထုတ်နုတ် ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသော တရားတော်

# ပြုးချိန်ရောက်မှ ပြုးကြစမ်းပါ

## (သစ္စကာပရိမ္ဘိဋ်)

(၁ ၄-၆၂)

မနေ့ကပဲ ဆက်ပြီးတော့ သက်သေသာဓကနဲ့တကွ ပြမယ်...တဲ့။

ဒကာဒကာမတွေအရေးကြီးတာက ရုပ်ကို ငါ ထင်တာ၊ ဝေဒနာ ငါ ထင်တာ၊ သညာ ငါထင်တာ၊ ဝေဒနာတွေ ငါထင်တာ၊ စိတ်ကို ငါထင်တာသည် သက္ကာယဒိဋ္ဌိလို့ မှတ်လိုက်ပါ...။ (မှန်ပါ့)။

### သက္ကာယဒိဋ္ဌိဆိုတာ

ခန္ဓာငါးပါးကို ငါထင်ရင်...(သက္ကာယဒိဋ္ဌိပါဘုရား)။

သက္ကာယဒိဋ္ဌိ ဆိုတာ သက္ကာယက ခန္ဓာငါးပါး...။ (မှန်ပါ့)၊ ဒိဋ္ဌိက အဲဒီအထဲ ငါ ဝင်ရှုပ်တာကို ဆိုနေတယ်...။ (မှန်ပါ့)။

ဒါဖြင့် သက္ကာယက ခန္ဓာငါးပါး၊ ဒိဋ္ဌိက အဲဒီခန္ဓာ တစ်ပါးပါးထဲကို ငါဝင်သွားလို့ရှိရင် သက္ကာယနဲ့ဒိဋ္ဌိနဲ့ ရောသွားတယ်...။ (မှန်ပါ)၊ မောင်နိုင် သဘောကျပလား...။ (ကျပါပြီဘုရား)။

သက္ကာယက ဘာပါလိမ့်...။ (ခန္ဓာငါးပါးပါဘုရား)၊ အဲဒီ တစ်ပါးပါးထဲမှာ ရုပ်ဟာ ငါပဲ...ဟုတ်လား၊ ပူတာဟာ ငါပဲဆိုတော့ တေဇောကို ငါလုပ်ပစ်လိုက်တယ်...။ (မှန်ပါ ဘုရား)။

တေဇောရုပ် ငါ လုပ်ပစ်လိုက်တော့ကို ဩော်...ဒါဖြင့် ရုပ်တရား ငါ ဝင်ရောလိုက်တဲ့အတွက် ရုပ်က သက္ကာယ ရောလိုက်တာက ဒိဋ္ဌိပေါ့လေ...။ (မှန်ပါ)၊ ပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဝေဒနာဆိုတော့ ကောင်းစားတာပဲ၊ ဆင်းရဲတာလဲ ငါပဲ၊ ကျုပ်တော့ဘဝစုံနေပြီ၊ ဆင်းရဲချမ်းသာဖြင့် ကျုပ်ချည်းပဲ၊ ကျုပ်ဟာ ဆင်းရဲတာလဲ ကျုပ်ပဲ၊ ချမ်းသာတာလဲ ကျုပ်ပဲ ဆိုတော့ကိုပေါ်ရေ...ဝေဒနာကိုငါထင်နေတယ်...။(မှန်ပါ)။

ဝေဒနာက သက္ကာယ၊ ငါကလေး ဝင်လိုက်တာက ဒိဋ္ဌိ...(မှန်ပါ)၊ သက္ကာယနဲ့ဒိဋ္ဌိနဲ့ ပေါင်းလိုက်တော့...(သက္ကာယ ဒိဋ္ဌိပါ)၊ ဩော်...သက္ကာယဒိဋ္ဌိဆိုတာ ဒါပါကလားလို့ ဦးဘသန်းတို့၊ ဦးအောင်ဇံဝေတို့ မှတ်ရလိမ့်မယ်...။ (မှန်ပါ ဘုရား)။

ကောင်းပြီ၊ မှတ်တာကို သူ မှတ်ထားတာ၊ ငါ မှတ်ထားတာ၊ ငါ့ပစ္စည်းကလေး ဘယ်သူယူသွားပါလိမ့်၊ ငါ မှတ်ထားတာ၊ မှတ်တာက သညာ၊ သညာက သက္ကာယနော်...။ (မှန်ပါ့)၊ အဲဒီအထဲ ငါကလေး ဝင်ရှုပ်လိုက်တော့ ဘာဖြစ်သွားသတုံး...။ (ဒိဋ္ဌိဖြစ်သွားပါတယ်)၊ ပေါင်းလိုက်တော့... (သက္ကာယဒိဋ္ဌိပါဘုရား)။

ဩော်...ဒကာ ဒကာမတွေ မသိမှာစိုးလို့ ကလေးကလေးတွေ ပြောသလိုပြောနေရတယ်လို့ မှတ်ကြရမယ်...။ (မှန်ပါ့)၊ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ သွားသွားပြီးရောတယ် ဦးညိုကြီးတို့နော်...။ (မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် စေတနာကလဲ စေတနာ သင်္ခါရက္ခန္ဓာ၊ ငါ့စေတနာဆိုတော့ စေတနာက သင်္ခါရက္ခန္ဓာကိုး၊ အဲဒီထဲမှာ ငါကလေး သွားရောလိုက်တယ်၊ ငါ့စေတနာလို့၊ ငါ့စေတနာနဲ့ ငါလုပ်တာဆိုတော့ စေတနာက သက္ကာယ မောင်နိုင်...(မှန်ပါ့)၊ငါက...(ဒိဋ္ဌိပါ)၊ပေါင်းလိုက်...(သက္ကာယဒိဋ္ဌိပါဘုရား)။

**ခန္ဓာနှင့်ငါနှင့် ရောနေတယ်**

ဩော်...သက္ကာယဒိဋ္ဌိဆိုတာ ကိုမြင့် ဒါပဲ...(မှန်ပါ့ဘုရား)၊ ဦးဘအုန်းကြီး ဒါပဲ...(မှန်ပါ့)၊ ခင်ဗျားတို့ ဘာမှ

စာတွေပေတွေ ကြည့်မနေနဲ့တော့၊ ဩော်...သက္ကာယဒိဋ္ဌိဆိုတာ ဒီနှစ်ခုပေါင်းဆိုတာကို ...။ (မှန်ပါ)၊ ခန္ဓာနဲ့ ငါနဲ့ရောတာကိုဆိုတာကို ...။ (မှန်ပါ)၊ ဆိုတော့ ရှင်းမသွားဘူးလား...။ (ရှင်းသွားပါတယ်)။

ဦးအောင်ဇေ ခန္ဓာနဲ့ ဘာနဲ့ ရောသလဲ...(ခန္ဓာနဲ့ငါနဲ့ ရောပါတယ်ဘုရား)။

အဲဒါ ခန္ဓာကတခြား၊ ငါက မရှိတာ...(မှန်ပါဘုရား)၊ မရှိတဲ့ ငါကြီးကို ရှိတဲ့ ခန္ဓာထဲ သွားရောတယ်၊ ငါဆိုတာ စမ်းသပ်ရှာဖွေလို့ တွေ့တာမဟုတ်ဘူး ...။ (မှန်ပါဘုရား)။

အဲဒါ သွားရောလိုက်တဲ့အတွက် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၌ သက္ကာယဟာ သူ့ဟာသူနေလိုက်ရင် မောင်နိုင်က မှတ်လိုက်၊ ဘာအပြစ်မှ မရှိဘူး...။ (မှန်ပါ)၊ ဒိဋ္ဌိနဲ့သွားရောလို့ အပြစ်ရှိတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

## သူ့ဟာသူနေရင် ဘာအပြစ်မှ မရှိဘူး

သက္ကာယဟာ သူ့ဟာသူနေရင်...(ဘာပြစ်မှ မရှိပါ)၊ ဒိဋ္ဌိနဲ့သွားရောရင်...(အပြစ်ရှိပါတယ်)၊ ဒိဋ္ဌိနဲ့သွားရောရင် ပဋိစ္စသမုပ္ပါဒ် အလယ်ကဖောက်စ,တယ်...။ (မှန်ပါဘုရား)။

အလယ်က ဖောက်ပြီး စ,လိုက်တယ်၊ ဒိဋ္ဌိလာလဲ ဒိဋ္ဌုပါဒါန်, ကံမလာပေဘူးလား...။ (လာပါတယ်)၊ ကဲ...

ဒါဖြင့် သက္ကာယကြောင့် လာတာလား၊ ဒိဋ္ဌိကြောင့် လာတာလား…။ (ဒိဋ္ဌိကြောင့် လာတာပါဘုရား)။

မောင်အောင်သိန်း ကျေနပ်ပလား…။ (ကျေနပ်ပါပြီဘုရား)၊ နောက်က ဒကာ ဒကာမတွေကော…(ကျေနပ်ပါပြီဘုရား)။

ဩော်…သက္ကာယ သူ့ဟာသူနေရင် ဘာမှ မဖြစ်ဘူးနော်…။ (မှန်ပါ့)၊ မြွေဆိုးပါတယ်ဆိုပေမယ့် တုတ်နဲ့သွားမတို့လို့ရှိရင် ပါးပျဉ်းကိုထောင်ပြီး ဘာမှ လူလိုက်ဖို့လဲ မရှိဘူး…။ (မှန်ပါ့)၊ တောထဲ သူ့ဟာသူနေတာနော်…။ (မှန်ပါ့)၊ ကိုယ်ကသွားပြီးသကာလ ဆော့မိတဲ့အတွက်၊ ထိမိတဲ့အတွက် ဖြစ်ရတာ…။ (မှန်ပါ့ဘုရား)။

ဒီမှာလဲ ဒကာ ဒကာမတွေ ခန္ဓာဟာ သူ့ဟာသူနေလို့ရှိရင် ဘာအပြစ်မှ မရှိဘူး…။ (မှန်ပါ့)၊ ခင်ဗျားတို့က ဒိဋ္ဌိနဲ့ သွားသွားတို့လိုက်တဲ့အခါကျတော့ အပါယ်ရောက်ရောက်သွားတယ်…။ (မှန်ပါ့)၊ မရောက်ပေဘူးလား…။ (ရောက်ပါတယ်)၊ တယ်လဲဆိုးတယ်…။ (ဆိုးပါတယ်ဘုရား)။

ဒါကြောင့် အခုလို ရှင်းရှင်းလင်းလင်းပြောနေတဲ့ ဆရာသမားနဲ့ ကြုံနေတုန်းကို ဩော်…မရောစေဘူးကွာ၊ အပြောသာ ရောစေမယ်ဟေ့၊ အထင်တော့ မရောစေဘူးဟေ့၊ ဒါကလေးတော့ ခွဲခြားမှတ်ကြပါ…။ (မှန်ပါ့ဘုရား)။

အပြောတော့ ရောချင်ရောပေါ့...။ (မှန်ပါ)၊ ငါလုပ်တာ, ငါကိုင်တာ, ပြောချင်တာပြောတာပေါ့...။ (မှန်ပါ)၊ သို့သော်လဲတဲ့ အထင်ကတော့ ဩော်...ဒါ ငါလုပ်တာ မဟုတ်ဘူး၊ ဒါ စေတနာက လုပ်တာ...။ (မှန်ပါဘုရား)။

ငါ မှတ်ထားတာ မဟုတ်ဘူး၊ သညာက မှတ်ထားတာလို့ ဉာဏ်ထဲက ခွဲခြားထားတော့ ကိစ္စမရှိဘူး...။ (မှန်ပါ)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိလာလို့ရှိရင် မောင်နိုင် မနေ့ကလဲ ငါပဲ၊ ယနေ့လဲ ငါပဲလို့ ဒီလိုထင်နေတယ်...။ (မှန်ပါ)၊ မနေ့ကလဲ ကျုပ်လာသေးတာပဲ၊ ဒီနေ့လဲ ကျုပ်လာသားပဲ ဆိုတော့၊ ငါနဲ့ ကျုပ်နဲ့ အတူတူဖြစ်တော့ သက္ကာယဒိဋ္ဌိ လာလို့ရှိရင်ဖြင့် ကိုပေါ် သဿတဒိဋ္ဌိက လာပစ်လိုက်တယ်...။ (မှန်ပါဘုရား)။

## သက္ကာယဒိဋ္ဌိ ရှိရင် သဿတဒိဋ္ဌိ လာတယ်

သက္ကာယဒိဋ္ဌိလာတော့...(သဿတဒိဋ္ဌိလာပါတယ်)၊ မနေ့ကလဲ ကျုပ်ပဲ ဒီတွေ့ကြတာ၊ ယနေ့လဲ ကျုပ်လာလို့ တွေ့ကြပြန်တာပေါ့ဆိုတော့ မနေ့ကလဲငါပါပဲ၊ ယနေ့လဲ ငါပါပဲ၊မှားနေစရာမလိုဘူးဆိုတော့ ဘာဒိဋ္ဌိဝင်သွားသတုံး...၊ (သဿတဒိဋ္ဌိဝင်သွားပါတယ်ဘုရား)။

မနေ့ကဟာလဲ မပျက်စီးဘူး၊ ယနေ့တိုင်အောင်လဲ ရှိသေးတယ်ဆိုတော့ ဦးဘအုန်းကြီး ဘာဒိဋ္ဌိ ဝင်လာသတုံး...။ (သဿတဒိဋ္ဌိဝင်လာပါတယ်ဘုရား)။

ဩော်...ခင်ဗျားတို့ သက္ကာယဒိဋ္ဌိ မှုတည်မိတာနဲ့ သဿတဒိဋ္ဌိပါ လိုက်လာတယ်...။ (မှန်ပါ့)၊ တယ်လဲ ကြောက်စရာ ကောင်းပါကလား ...။ (ကောင်းပါတယ် ဘုရား)။

အဲဒီတော့ ကိုပေါ်တို့က မှတ်တာပေါ့၊ နောက်က ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့၊ ဩော်...သက္ကာယ ဒိဋ္ဌိဟာ အမြစ်မပြတ်သရွေ့ကာလပတ်လုံး ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိတွေဟာ အကုန်လာမှာပဲ...။ (မှန်ပါ့)၊ တယ်လဲ ကြောက်စရာကောင်းပါလား...။ (ကောင်းပါတယ် ဘုရား)။

သက္ကာယဒိဋ္ဌိ တစ်လုံးကို ပယ်လိုက်ပြန်တော့လဲ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတွေကုန်ပြန်တာပဲ...။ (မှန်ပါ့)။

## သက္ကာယဒိဋ္ဌိကို အမြန်ဆုံးရှောင်ပါ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သက္ကာယဒိဋ္ဌိချုပ်ဖို့ အရေးသည် အင်မတန်ကြီးတဲ့ အရေး ဆိုပြီး ဘုရားက ဦးခေါင်း မီးလောင်တာ မြန်မြန်ငြိမ်းသလို သက္ကာယဒိဋ္ဌိဖြုတ်ပါကွ...(မှန်ပါ့)။

ရင်ဝ လုံနဲ့ထိုးလိုက်တာ မြန်မြန်ရှောင်သလို သက္ကာယ ဒိဋ္ဌိကို မြန်မြန်ရှောင်ပါကွလို့ သံယုတ်ပါဠိတော်ကြီးများမှာ ဟောထားတယ်နော်...။ (မှန်ပါ့)။

ကိုမြင့် ဘုရားဟောထိုက်, မဟောထိုက်...(ဟောထိုက်ပါတယ်ဘုရား)၊ ခင်ဗျာ တို့ ဉာဏ်ကလေးနဲ့ပဲ ကြည့်လိုက်ပြန်တော့ ဒိဋ္ဌိဖြစ်လို့ရှိရင် ဒိဋ္ဌိ–ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုတာက ကိုပေါ် ပဋိစ္စသမုပ္ပါဒ် နိယာမကိုးဗျ...။ (မှန်ပါ့)၊ နေပါဦးမလား...။ (မနေပါဘုရား)၊ မနေတော့ ကမ္မဘဝပစ္စယာ အပါယ်ဇာတိ...။ (မှန်ပါ့)၊ အပါယ်ဇာတိက လာလာပစ်လိုက်တယ်...။(မှန်ပါ့ဘုရား)၊ မလာဘူးလား...။ (လာပါတယ် ဘုရား)။

**ဆရာနဲ့တွေ့တုန်း သူ့ကို ဖြုတ်ပါ**

အဲဒါကြောင့် သာသနာအတွင်းမှာမှ မောင်နိုင်တို့ပြောတတ်ဆိုတတ်တဲ့ဆရာနဲ့တွေ့တုန်းမှာ သူ့ကို မဖြုတ်လို့ရှိရင်ဖြင့် ဉာဏ်ထဲမှာပေါ့လေ...။ (မှန်ပါ့)။

ဘယ်တော့ ဖြုတ်စရာ ရှိသေးသလဲ...။ (မရှိပါ)၊ ဘယ်တော့မှ ဖြုတ်စရာမရှိဘူးဆိုတာ ဦးဘသန်းကြီး သေသေချာချာမှတ်ပါ...။ (မှန်ပါ့)။

ဒါကြောင့် ဦးအောင်ဖုံဝေတို့ ကံကောင်းအကြောင်း

သင့်လို့ တော်သေးရဲ့၊ အပါယ်တံခါးပိတ်အောင် သူ့ဖြတ်လိုက်ရင် ပိတ်တာပဲ...။ (မှန်ပါ့)။

သူ့ဖြတ်လိုက်ရင်...(အပါယ်တံခါး ပိတ်ပါတယ်)၊ စဉ်းစားကြည့်ပါတဲ့၊ ငါ မရှိတဲ့အခါကျတော့၊ ငါ မဟုတ်ပါဘူးလို့ သိထားတဲ့အခါကျတော့ ငါ့သားစားဖို့ဆိုတဲ့ လိမ်လည်မှုတွေလဲ မလာဘူ ...။ (မှန်ပါ့)။

ငါ့သမီး ပြင်ဖို့ ,ဆင်ဖို့ဆိုတဲ့ အကြောင်းတွေကော လာသေးရဲ့လား...။ (မလာပါ)၊ ဩော်...ဘယ်သူ ပြုတ်သွားလို့ပါလိမ့်...။ (သက္ကာယဒိဋ္ဌိ ပြုတ်သွားလို့ပါဘုရား)၊ သက္ကာယဒိဋ္ဌိပြုတ်သွားလို့...။ (မှန်ပါ့)။

ဩော်...အခုတော့ ဟိုလူနဲ့ ဒီလူနဲ့ မတည့်၊ ဟိုလူနဲ့ ဒီလူ စကားများ၊ ဒီလူနဲ့ ဟိုလူ စကားများ၊ ဘာကြောင့်ပါလိမ့်မလဲတွေးတော့ ငါ့ထိတော့ အို...မချိအောင် နာလို့... (မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိက ငါ ပြောလာတယ်...။ (မှန်ပါ့)၊ ငါ့သမီးထိလို့ မချိအောင်နာတယ်၊ ဟော...မလာဘူးလား...။ (လာပါတယ်)၊ ဒါ ဘယ်သူ့ မူတည်ပါလိမ့်...။ (သက္ကာယဒိဋ္ဌိ မူတည်ပါတယ်ဘုရား)။

ဒါဖြင့် သူ ရှိနေလို့ရှိရင် အကုသိုလ်မျိုးစုံ ဖြစ်နိုင်, မဖြစ်နိုင်...(ဖြစ်နိုင်ပါတယ်ဘုရား)။

**အဇာတသတ်လည်း သူ့ကြောင့်**

သက္ကာယဒိဋ္ဌိရှိတော့ ဘုန်းကြီးက ရှင်းရှင်းပြောပါတယ်၊ အဇာတသတ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ အဖေတောင် သတ်တယ်...။ (မှန်လှပါဘုရား)။

ငါ ရှင်ဘုရင်လုပ်ချင်လို့...။ (မှန်ပါ့)၊ ဦး အောင်ဇေဝ အဖေ မသတ်ဘူးလား...။ (သတ်ပါတယ်ဘုရား)၊ ဘာဖြစ်လို့ပါလိမ့်...။ (သက္ကာယဒိဋ္ဌိရှိလို့ပါဘုရား)။

အဲဒါ အဇာတသတ်ကြောင့် သတ်တာ မဟုတ်ဘူး၊ သက္ကာဒိဋ္ဌိကြောင့် သတ်ပစ်တာ...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

**ဒေဝဒတ်လည်း သူ့ကြောင့်**

ဒေဝဒတ် ဘုရားလုပ်ချင်တဲ့အခါကျတော့ ဘုရားကျောက်မောင်းဆင်ပြီး ချလို့ ဘုရားမှာ သွေးစိမ်တည်တဲ့ လောဟိတုပ္ပါဒက ကံကြီး ထိုက်သွားတာလဲ မောင်နိုင် ဘယ်သူ့ကြောင့်တုံးမေးရင်...(သက္ကာယဒိဋ္ဌိကြောင့်ပါ)၊ သက္ကာယဒိဋ္ဌိကြောင့်ဆိုရင် လွဲပါ့မလား...။ (မလွဲပါဘုရား)၊

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သြော်...သက္ကာယဒိဋ္ဌိရှိလို့ရှိရင်ဖြင့် တခြားသောအမှုကလေးတွေ အသာထားပါ၊ အမေ, အဖေ, ဘုရားကိုတောင် သတ်နိုင်တယ်...။ (မှန်ပါ့)။

ဒါ လက်သည်မိပြီ...။ (မိပါပြီ)၊ ဘယ်သူပါလိမ့်...။ (သက္ကာယဒိဋ္ဌိပါ)၊ သက္ကာယဒိဋ္ဌိပဲ၊ မောင်အောင်သိန်းရ သက္ကာယဒိဋ္ဌိကွ...။ (မှန်ပါ့)။

အဲဒါ ယနေ့ဖြုတ်ပေးတယ်တဲ့၊သက္ကာယဒိဋ္ဌိကိုနော်...။ (မှန်ပါ့)၊ ဝေဒနာနဲ့ ငါနဲ့ မောင်နိုင် မရောစေနဲ့...။ (မှန်ပါ့)၊ ဝေဒနာဟာ ဝေဒနာပဲ...။ (မှန်ပါ့)။

သညာနဲ့ ငါနဲ့ကော...(မရောရပါ)၊ မရောစေနဲ့၊ စေတနာနဲ့ ငါနဲ့...(မရောစေရပါ)၊ ဒါ သင်္ခါရက္ခန္ဓာဆိုတာ မရောစေနဲ့...။ (မှန်ပါ့)၊ စိတ်နဲ့ ငါနဲ့ကော...(မရောရပါ)၊ အပြောတော့ ပြောပါတဲ့၊ အရောတော့ ရောမပစ်လိုက်ပါနဲ့ လို့ ဦးဘအုန်းကြီးတို့ သေသေချာချာ မှတ်...။ (မှန်ပါ့)။

## သူ မပြုတ်ရင် အပါယ်မလွတ်

ဒါ မပြုတ်သေးလို့ရှိရင် ဘုန်းကြီးက စကားကြီးကြီး ပြောတယ်လို့ ဘုန်းကြီးပြောတဲ့စကားလို့ မယူနဲ့၊ ဘုရား ဟောတဲ့ တရားလို့ ယူပြီးသကာလ ဩော်...သူ မပြုတ်လို့ ရှိရင် ဘာလုပ်နေနေ အပါယ်ကျ မလွတ်သေးဘူး...။ (မှန်ပါ့)၊ ဗြဟ္မာကြီး ဖြစ်နေလဲ...။ (အပါယ်ကျ မလွတ် သေးပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဘယ်သူက သက်သေခံသတုံးဆိုတော့ ကိုပေါ် ပဋိစ္စ

သမုပ္ပါဒ်က သက်သေခံတယ်...။ (မှန်ပါ့)၊ မောင်နိုင်... (ပဋိစ္စသမုပ္ပါဒ်က သက်သေခံပါတယ်ဘုရား)။

ကဲ...ဒိဋ္ဌိပြီး ဘာလာသတုံးကွာ...။ (ဒိဋ္ဌုပါဒါန်လာပါတယ်)၊ ဒိဋ္ဌုပါဒါန်ပြီး ဘာလာသတုံး...။ (ဒိဋ္ဌိအုပ်ချုပ်တဲ့ကံလာပါတယ်)၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံလာတော့ ကမ္မဘဝပစ္စယာ... (အပါယ်ဇာတိပါဘုရား )။

အကုသိုလ်က ဖြစ်စေတဲ့ ဇာတိဆိုတော့ အပါယ်ဇာတိပေါ့...။ (မှန်ပါ့)၊ ဒါဖြင့် ဩော်...ဒိဋ္ဌိမပြုတ်သေးလို့ရှိရင်ဖြင့် အပါယ်ကျ မလွတ်သေး၊ သံသရာထဲက မထွက်နိုင်သေးတာလဲ ဒကာ ဒကာမတွေ ဘယ်သူ့မှ မေးမနေနဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးမရှိလဲ ဒီပဋိစ္စသမုပ္ပါဒ်ရှိတာပဲ...။ (မှန်ပါ့)၊ ရှိနေလဲ ဘုရားက ထုတ်ဖော် ဟောတာပဲ...။ (မှန်ပါ့ဘုရား)။

ဘုရား မရှိခင်ကလဲ ဒီ ပဋိစ္စသမုပ္ပါဒ်ရှိတာပဲ...။ (မှန်ပါ့)၊ ဘုရားရှိတော့ကော...(ဟောတော်မူပါတယ်)၊ ဘုရားရှိတော့လဲ ဟောတော်မူတာပဲ...။ (မှန်ပါ့ဘုရား)။

ဒါက မှတ်လိုက်စမ်းပါ ဓမ္မနိယာမ...(မှန်ပါ့)၊ ဓမ္မနိယာမဆိုတာ ဘုရားမပွင့်လဲ...(ရှိတာပါပဲ) ဘုရားပွင့်လဲ...(ရှိပါတယ်)၊ ဘုရားပွင့်တော့ နာမည်တပ်ပြီး ဟောဖော်ရတယ် ဦးညိုရေ...။ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သက္ကာယဒိဋ္ဌိက အိမ်ထဲမှာ နေတယ်၊ ဘုရားရှေ့မှာနေလို့ ငါ အပါယ်မကျဘူးလို့ မအောက်မေ့လိုက်ပါနဲ့၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

ဘုရားရှေ့မှာ ကျုပ်ဖြင့် တံမြက်စည်းလှည်းပြီးနေတာ ပဲ၊ ပန်းတင် ရေတွေ လဲနေတာပဲ...။ (မှန်ပါ့)၊ ဩော်... ဒါက ကုသိုလ်တစ်မျိုးပဲ...(မှန်ပါ့ဘုရား)။

ငါ လုပ်လို့ ငါ ရတယ်ဆိုတဲ့ ဒိဋ္ဌိမပြုတ်လို့ ရှိရင် မောင် နိုင် အပါယ်နဲ့ လွတ်ပါ့မလား...။ (မလွတ်ပါ)၊ ဟို ကုသိုလ် ကလဲ အကျိုးပေးမှာပဲ...။ (မှန်ပါ့)၊ နတ်ရွာသုဂတိအကျိုး ပေးမှာပဲ...။ (မှန်ပါ့)၊ ဒိဋ္ဌိကလဲ ဆွဲချမှာပဲ...။ (မှန်ပါ့)၊ မချပေဘူးလား...။ (ချပါတယ်ဘုရား)။

အဲဒီတော့ကို ဒကာ ဒကာမတို့ ဒိဋ္ဌိပြုတ်ဖို့ အရေးဟာ သာမညကြီးတယ်လို့ မယူလိုက်ပါနဲ့...။ (မှန်ပါ့)၊ အလွန် ကြီးတယ်ဆိုတာ ဦးဘသန်းတို့၊ ဦးအောင်ဖေတို့၊ မောင် ထွန်းအောင်တို့ မှတ်ကြပါ...။ (မှန်ပါ့)၊ အရေးကြီးတာ သိပလား...။ (သိပါပြီဘုရား)။

အဲဒါကြောင့် ဒီဒိဋ္ဌိကို ဘုန်းကြီးဖြုတ်ပေးပါမယ်တဲ့၊ ဖြုတ်ပေးတော့ ဘာနဲ့ ဖြုတ်မတုံးဆိုတော့ သူက မိစ္ဆာဒိဋ္ဌိ ကိုး၊ သက္ကာယဒိဋ္ဌိဆိုတာ...။ (မှန်ပါ့)၊ သမ္မာဒိဋ္ဌိဝင်လိုက်ရင် သူနေနိုင်သေးရဲ့လား...။ (မနေနိုင်ပါဘုရား)။

ဩော်...ဒါဖြင့် သက္ကာယဒိဋ္ဌိဆိုတာ မိစ္ဆာဒိဋ္ဌိနော်...။ (မှန်ပါ)၊ သမ္မာဒိဋ္ဌိနေရာမှာ ခန္ဓာကိုယ် သမ္မာဒိဋ္ဌိ ဝင်လိုက် ပြန်လိုက်တော့လဲ ပြီးသွားပြီ...။ (မှန်ပါ)။

နဂိုက သူ့ခန္ဓာထဲ မိစ္ဆာဒိဋ္ဌိဝင်နေတယ်...။ (မှန်ပါ ဘုရား)၊ သက္ကာယဒိဋ္ဌိဆိုတာ မိစ္ဆာဒိဋ္ဌိ...။ (မှန်ပါ)။

ကဲ...သမ္မာဒိဋ္ဌိ ဘုန်းကြီးက သွင်းပေးလိုက်တဲ့အခါ ကျတော့ ဒိဋ္ဌိနေနိုင်သေးရဲ့လား...။ (မနေနိုင်ပါဘုရား)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

**သမ္မာဒိဋ္ဌိသွင်းပေးပါ**

ကဲ...ဒါဖြင့် ဒီလိုလုပ်လိုက်၊ ရုပ်ကို ငါ မထင်နဲ့၊ ရုပ်ဟာရုပ်ပဲ, အနိစ္စပဲလို့ထင်ပါ...။ (မှန်ပါ)၊ ရုပ်ဟာ ရုပ်ပဲ လို့လဲ သိပါ...။ (မှန်ပါ)၊ ကြည့်ပေး...၊ ဖြစ်ပျက်တဲ့ သဘော ကလေးမြင်အောင် ကြည့်ပေးလိုက်...။ (မှန်ပါ)၊ ရုပ်ဟာ ရုပ်လဲ ဟုတ်တယ်၊ အနိစ္စလဲ ဟုတ်တယ်ဆိုတော့ ကိုမြင့် သက္ကာယဒိဋ္ဌိ နေနိုင်သေးသလား...။ (မနေနိုင်ပါဘုရား)၊ ဘာ သွင်းလိုက်လို့ပါလိမ့်...။ (သမ္မာဒိဋ္ဌိသွင်းပါတယ်ဘုရား)၊ သမ္မာဒိဋ္ဌိသွင်းလိုက်တယ်...။ (မှန်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဝေဒနာကလေးဟာ ကောင်းတာ ငါပဲလို့ နဂိုကထင်တယ်၊ ကောင်းတာ ဝေဒနာပဲ၊ ဒီဝေဒနာကလေးဟာလဲ ဖြစ်ပျက် အနိစ္စပဲလို့ ဆိုတော့

သက္ကာယဒိဋ္ဌိဘယ်နှယ်ဖြစ်သွားသတုံး…။ (ပြုတ်သွားပါတယ် ဘုရား)၊ ပြုတ်သွားတယ်။

ဒါကြောင့် ဝိပဿနာလုပ်မှ ဒကာ ဒကာမတွေ ဒိဋ္ဌိဟာ အပြုတ်ကြီး ပြုတ်မယ်ဆိုတာကော ကျေနပ်ပလား…။ (ကျေနပ်ပါပြီ)။

အဲ…ဝိပဿနာ ကြပ်ကြပ်လုပ်ကြပါဆိုတော့ မှတ်ထားတာကလေးဟာ ငါပဲ၊ ငါ မှတ်ထားတဲ့ ကျောက်ကလေးပဲ၊ ဒီဥစ္စာ သူများက တံဆိပ်ထိုးသွားတယ်၊ ဟာ…မဟုတ်ပါလား၊ ဒီသညာပါလား၊ မှတ်တယ်ဆိုတာ သညာ့သဘောပါလား…သညာဟာ အနိစ္စပါလားလို့ ဉာဏ်နဲ့ ဦးလှည့်လိုက်ပြန်တော့လဲ ကိုမြင့် သက္ကာယဒိဋ္ဌိပြုတ်တယ်…။ (ပြုတ်ပါတယ် ဘုရား)၊ သမ္မာဒိဋ္ဌိဝင်တယ်…။ (မှန်ပါ့)၊ ကဲ… ကိုသောင်း ကျေနပ်ပလား…။ (ကျေနပ်ပါပြီဘုရား)။

## ဝိပဿနာလုပ်မှ ဒိဋ္ဌိပြုတ်မယ်

စေတနာကလေးဟာလဲ ဥပမာမယ် ဘုရားရှေ့ တံမြက်းစည်းလှည်း၊ ပန်းတွေ ရေတွေ လဲကြ၊ ဩော်… ဒီဥစ္စာသည်ကားလို့ဆိုရင်ဖြင့် လှည်းစေတနာအလုပ်တွေပါလား၊ ၎င်းစေတနာကလေးလဲ ဖြစ်လိုက်, ပျက်လိုက်၊ ဖြစ်လိုက်,ပျက်လိုက်နဲ့ နေတာပါကလားလို့ သိပြီးနေကြမယ်ဆိုတော့လဲ အင်း…သူလဲ အထမြောက်တာပဲ မောင်နိုင်

ရေ...(မှန်ပါ)၊ ဒိဋ္ဌိလဲပြုတ်တာ...။ (မှန်ပါ)၊ ဦးအောင်ဇေ သေသေချာချာမှတ်...။ (မှန်ပါ)၊ သေသေချာချာမှတ်ပါ ထွန်းအောင်တို့လဲ နော်...။ (မှန်ပါ)။

ငါ့စိတ်မစမ်းနဲ့လို့ တစ်ခါတလေ ဒေါသစိတ်ကို ငါ လုပ်တယ်...။ (မှန်ပါ)၊ ငါ မစွဲကြဘူးလား ...။ (စွဲပါတယ် ဘုရား)၊ ကိုပေါ် မစွဲဘူးလား ...။ (စွဲပါတယ်ဘုရား)။

ဟာ...ဒါ ဘယ်မှာ ငါ ဟုတ်ရမလဲ...ဒါဟာ ဒေါသ စိတ်ပါလား၊ ဒေါသစိတ်ဟာ အခုမှ ပေါ်လာတာ၊ အာရုံ ဒွါရတိုက်လို့ ပေါ်လာတာ၊ ဖြစ်ပြီး ပျက်တာပဲလို့ ဒကာ ဒကာမတွေက နှလုံးသွင်းလိုက်တော့ သက္ကာယဒိဋ္ဌိ ပြုတ် သွားတယ်...။ (မှန်ပါ)။ သမ္မာဒိဋ္ဌိ ဝင်လိုက်တယ်...။ (မှန်ပါ)။

အဲဒါကြောင့် ခင်ဗျားတို့ ဒါဟာ သက္ကာယဒိဋ္ဌိကို ဖြုတ်ပေးလိုက်တဲ့အတွက် ဒါက အသိပြုတ် နော်...။ (မှန်ပါ)။

အသိနဲ့ပြုတ်တာတစ်မျိုး, အကျင့်နဲ့ပြုတ်တာတစ်မျိုး, အပါယ်နဲ့ ပြုတ်တာတစ်မျိုး...။ (မှန်ပါ)၊ ဘယ်နှစ်မျိုးပါ လိမ့်...။ (သုံးမျိုးပါ)။

အသိနဲ့ပြုတ်တာ...(တစ်မျိုးပါဘုရား)၊ အကျင့်နဲ့ ပြုတ်တာ...(တစ်မျိုးပါ)၊ အပါယ်နဲ့ပြုတ်တာ...(တစ်မျိုးပါ

ဘုရား)၊ အပြုတ် ဘယ်နှစ်မျိုးရှိသလဲ...(သုံးမျိုးရှိပါတယ် ဘုရား)၊ သုံးမျိုးရှိတယ်နော်...။ (မှန်ပါ)။

**အသိနဲ့ပြုတ်တယ်**

ယနေ့ ရှင်းရှင်းလင်းလင်းကလေး ပြောပါတယ် ဒကာ ဒကာမတို့၊ အသိနဲ့ပြုတ်တာ တစ်မျိုးနော်...။ (မှန်ပါ)။

ယခု ဘုန်းကြီးဟောနေတော့ ဒကာ ဒကာမတွေက ဩော်...ခန္ဓာငါးပါးထဲ ငါ မရောလို့ရှိရင်ဖြင့် ဒါ သက္ကာယ ဒိဋ္ဌိပြုတ်နေတာပဲဆိုတာ အသိနဲ့ပြုတ်တာ...။ (မှန်ပါ)။

တစ်ခါ ကမ္မဋ္ဌာန်းကျောင်းသွားပြီတဲ့သကာလ စိတ် ရှုတဲ့ ပုဂ္ဂိုလ်က စိတ်ဖြစ်ပျက်ကလေးတွေရှု၊ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်က ဝေဒနာဖြစ်ပျက်ကလေးတွေရှုနေတော့ အင်း... ဖြစ်ပျက်သာမြင်တော့တယ်ဆိုတော့ ဖြစ်ပျက်နဲ့ ,သမ္မာဒိဋ္ဌိနဲ့ သွားတွဲနေတယ်...။ (မှန်ပါ)။

**အကျင့်နဲ့ပြုတ်တယ်**

အဲဒီကျတော့ အကျင့်နဲ့ပြုတ်တယ်...။(မှန်ပါ)၊သက္ကာယ ဒိဋ္ဌိဝင်သေးရဲ့လား...။ (မဝင်ပါဘုရား)၊ ဘာနဲ့ပြုတ်သလဲ... (အကျင့်နဲ့ ပြုတ်ပါတယ်ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီ ဘုရား)။

ဒါ့ကြောင့် "ဉာတပရိညာ, တီရဏပရိညာ"လို့ နှစ်ခု ဟောပြန်တယ်, ဘုရားက...(မှန်ပါ)။

ကိုင်း…ဒါဖြင့် အပါယ်နဲ့ ဖြုတ်ကြဦးစို့နော်…။ (မှန်ပါ)၊ ကောင်းတာကတော့ အပါယ်နဲ့ပြုတ်တာသာ ကောင်းတယ်၊ ပါယ်ပြီး ပြုတ်တာသာ ကောင်းတယ်…။ (မှန်ပါ)။

**အပါယ်နဲ့ပြုတ်တယ်**

အဲဒီတော့ တစ်ခါတည်း ဖြစ်ပျက်ကလေးတွေတောင် မရှိဘူး မောင်နိုင်ရေ၊ ဖြစ်ပျက်ဒုက္ခသစ္စာကြီးဟာ ချုပ်ပျောက်ပြီးသွားတဲ့အခါကျတော့ အင်း…ဒါဟာ ဒုက္ခချုပ်ဆုံးတာ နိဗ္ဗာန်ပါလားလို့ ဉာဏ်ထဲမှာ မြင်နေတဲ့အခါပေါ့လေ…။ (မှန်ပါ)၊ တွေးလုံးမှန်နေတဲ့အခါကျတော့ အဲဒါ အပါယ်နဲ့ ပြုတ်တာ…။ (မှန်ပါဘုရား)၊ အဲဒီ အပါယ်နဲ့ ပြုတ်လို့ရှိရင်ဖြင့် ဦးဘသန်း နောက် ဘယ်တော့မှ မလာတော့ဘူး…။ (မှန်ပါ)။

ဒါဖြင့် အပြုတ် ဘယ်နှစ်မျိုးပါလိမ့်…။ (သုံးမျိုးပါဘုရား)၊ အသိနဲ့ပြုတ်တာ…(တစ်မျိုးပါဘုရား)၊ အကျင့်နဲ့ ပြုတ်တာ… (တစ်မျိုးပါဘုရား)၊ အပါယ်နဲ့ ပြုတ်တာ… (တစ်မျိုးပါဘုရား)။

အဲ…အပါယ်နဲ့ပြုတ်လို့ရှိရင်တော့ဖြင့် ဒကာ ဒကာမတို့ ဘယ်အချိန်ပြုတ်မှာတုံးဆိုတာ ဘုန်းကြီးမေးလို့ရှိရင် ခုနက ခန္ဓာရှုလျက်နဲ့ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်တွေ ရှာမတွေ့ဘူး…စိတ်ရော ရုပ်ရော ရှာမတွေ့ဘူး၊ အကုန်ဒုက္ခတွေကို

မလိုချင်လို့၊ ဒုက္ခတွေ အကုန်ဆုံးသွားတဲ့အခါကျတော့ ဒုက္ခဆုံးရာကလေးမြင်နေတဲ့ ဒုက္ခဆုံးပေါ့လို့ သိနေတဲ့ ပုဂ္ဂိုလ်ဟာ ဒါ...အပါယ်နဲ့ပြတ်တာ...(မှန်ပါ)။

ဒါကြောင့် ဒီ ဒကာ ဒကာမတွေ အပါယ်နဲ့ ပြတ်တာဖြင့်၊ ပါယ်ပြီး ပြတ်တာကိုဖြင့် လိုက်ဖြစ်အောင် လိုက်ပါဆိုတာ လေးစားစွာနဲ့ပဲ တိုက်တွန်း ရပြန်တယ်...။ (မှန်ပါ)၊ မတိုက်တွန်းသင့်ဘူးသင့်လား ...။ (တိုက်တွန်းသင့်ပါတယ်ဘုရား)။

အဲဒီလို ဖြစ်သွားတော့ နေရာကျပြီဆိုတော့ အပါယ်နဲ့ ပြတ်ပြီးပြီဆိုပါတော့ မောင်နိုင် ...(မှန်ပါ)။

အပါယ်နဲ့ ပြတ်ပြီးနေတော့ မဟာနာမ်မင်းကြီးမေးတာကလေး မဟာဝဂ္ဂသံယုတ် ထုတ်လိုက်တော့ ထင်ရှားသွားတယ်...။ (မှန်ပါ)။

**မဟာနာမ်မင်းကြီး**

မဟာနာမ်မင်းကြီးက အရှင်ဘုရားတို့ ကပည့်တော်ဘုရားကျောင်းတော်မှာတော့ ဒါတွေဟာ တပည့်တော်အပါယ်နဲ့ ပြတ်နေတာပဲ၊ ဒိဋ္ဌိတွေ ဘာတွေ မရှိပါဘူး၊ သို့သော်...မြို့ထဲ ရွာထဲ သွားပြန်တော့လဲ ကြောက်တဲ့စိတ်တွေ, ခင်တဲ့စိတ်တွေ, မင်တဲ့စိတ်တွေက လာပြန်တယ်

ဘုရား၊ မောင်နိုင် မဟာနာမ်မင်းကြီးကလေ...(မှန်ပါ)၊ ဘုရားကို လျှောက်တယ်...။ (မှန်ပါဘုရား)။

ကြောက်တဲ့စိတ်တွေ၊ ခင်တဲ့စိတ်တွေ၊ မင်တဲ့စိတ်တွေဟာ ဘုရား၊ သာဝတ္ထိပြည်ထဲသွားတဲ့အခါ လာပြန်တာပဲ ဘုရား၊ အဲဒီတော့ တပည့်တော် သေတဲ့အခါများ ချော်... အပါယ်များ ကျဦးမှာလား မပြောတတ်ပါဘုရားလို့ သူက လျှောက်တယ်...။ (မှန်ပါဘုရား)၊ သို့သော်...သူ အပါယ်နဲ့ ပြတ်ပြီးသား...။ (မှန်ပါဘုရား)။

အဲဒီတွင် ကိုပေါ် ဘုရားက ဖြေလိုက်တာ သိပ်ကောင်းတယ်နော်...။ (မှန်ပါ)။

ဒကာကြီး...တဲ့ ဒကာကြီး သေလို့ရှိရင်ဖြင့် အသားတွေ၊ အရိုးတွေကတော့ဖြင့် မြေဖြစ်ကြမှာပဲ၊ ဉာဏ်ကတော့ အထက်သာ တက်မှာပဲ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ ဘုရား)။

အသားတွေ၊ အရိုးတွေကတော့...(မြေဖြစ်ကြမှာပါဘုရား)၊ ဉာဏ်ကတော့...(အထက်တက်မှာပါဘုရား)။

## ဆီတွေကတော့ ရေပေါ်တက်လာတယ်

တစ်နည်းလဲတဲ့ ထောပတ်အိုးတွေ၊ ဆီအိုးတွေ ရေထဲကွဲတဲ့အခါကျတော့ အိုးခြမ်းပဲ့သာလျှင် ရေမြုပ်တယ်ကွာ...တဲ့၊ ဆီတွေကတော့ ရေပေါ်တက်လာတာပဲတဲ့...။ (မှန်ပါ)၊

အပါယ်နဲ့ပြတ်ပြီးသား ပုဂ္ဂိုလ်ကျတော့ သုဂတိ, နိဗ္ဗာန်သာ တက်တော့တယ်ကွာ...တဲ့၊ အိုးခြမ်းပဲ့လို့ အပါယ်လေးပါးမှာ မမြုပ်တော့ပါဘူးတဲ့...။ (မှန်ပါ့)။

ဒါကြောင့် မပုတို့လူစု အပါယ်နဲ့ပြတ်တာဖြင့် စိတ်ချ ကြတော့...(မှန်ပါ့)။

အပါယ်နဲ့ပြတ်အောင် မပြတ်သေးတဲ့ပုဂ္ဂိုလ်က ပြတ် အောင် လုပ်မဟုတ်...ဆိုပြီး အားတက်ကြပါဆိုတာ သတိပေး လိုက်ပါတယ်...။ (မှန်ပါ့ဘုရား)၊ မပေးထိုက်ဘူးလား...။ (ပေးထိုက်ပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီး ခဏခဏပြောတယ်၊ ခင်ဗျား တို့ကို သားနဲ့...သမီးနဲ့ ပစ္စည်းကလေးရတဲ့အခါ ပြုံးမနေ ပါနဲ့ဦး၊ တော်တော်ကြာ မဲ့ခန်းဆိုတဲ့ အပါယ်လေးပါး ရောက်သွားရင် ခက်ပါလိမ့်မယ်...။ (မှန်ပါ့)၊ ဒါ ပြတ်ပြီး တော့မှ ပြုံးပါ၊ ဒုက္ခချုပ်တာ မြင်ပြီးတော့ ငါဖြင့် အိုးခြမ်း ပဲ့သာ ရေထဲမြုပ်မယ် ဆီလို ဖြစ်ပေါ့ဆိုတော့ ဆီကတော့ ဘယ်တော့မှ မမြုပ်ဘူး...။ (မှန်ပါ့ဘုရား)။

## ပြုံးချိန်ရောက်မှ ပြုံးကြစမ်းပါ

အဲဒီကို ရောက်တဲ့အခြေအနေရောက်မှ ပြုံးကြစမ်းပါ, ရွှင်ကြစမ်းပါ ဆိုတာ နောက်က ဒကာ ဒကာမတွေလဲ သတိပေးရတယ်...။ (မှန်ပါ့ဘုရား)။

ပြုံးချိန်မဟုတ်ဘဲနဲ့ ပြုံးတော့ အရူးပြုံး မကျပေဘူးလား...။ (ကျပါတယ်)၊ သေခါနီးပြုံးကော...(မှန်ပါ့, ကျပါတယ်)၊ ကိုယ်သွားရမည့် ဂတိက ကောင်းမှ...မကောင်းဘဲနဲ့ ပြုံးနေတော့ ဒါ အပြုံးလွဲတယ် ဆိုထိုက်တယ်...။ (ဆိုထိုက်ပါတယ်)၊ မဆိုထိုက်ဘူးလား...။ (ဆိုထိုက်ပါတယ်)၊ ကဲ...ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ကိုင်း...ဒကာ ဒကာမတွေ ဒါဖြင့် ဘယ်စိတ်ရှုရှု၊ စိတ်ဆယ့်နှစ်ခုရှိတဲ့အနက်က ဖြစ်ပျက်မြင်အောင် ကြည့်လို့ရှိရင် အကျင့်နဲ့ပြုတ်တာပဲ...။ (မှန်ပါ့)၊ ဖြစ်ပျက်တွေဆုံးသွားလို့ရှိရင်...(အပါယ်နဲ့ပြုတ်ပါတယ်)၊ အပါယ်နဲ့ပြုတ်တာ၊ ပယ်ချလိုက်တာ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အဲဒါ နိဗ္ဗာန်ကို အမှီရမှ ဉာဏ်ကလဲ စပါးရိတ်တာနဲ့ တူသကွာတဲ့၊ အပါယ်နဲ့ ပြုတ်တာကို သူ ပြောချင်တော့နော်...။ (မှန်ပါ့ဘုရား)။

စပါးရိတ်တဲ့ ပုဂ္ဂိုလ်များ မောင်နိုင်တို့ ထိုက်တန်သလောက် မြင်ဖူးမှာပေါ့၊ တစ်ဖက်ကနေပြီး စပါးပင်တွေစုရသေးတယ်...။ (မှန်ပါ့)၊ စုပြီးဆွဲထားရတယ်...။ (မှန်ပါ့)၊ တစ်ဖက်က ဘာတုံး၊ ရိတ်ရတယ်...။ (မှန်ပါ့, ရိတ်ရပါတယ်)၊ ဒီအတိုင်းရိတ်လို့တော့ရပါ့မလား...။ (မရပါဘုရား)။

ဒါဖြင့် တစ်ဖက်ကဆွဲ, တစ်ဖက်ကရိတ်လို့ ပြတ်သွားတယ်...။ (မှန်ပါ)၊ နို့မဟုတ်ရင် ပြတ်ပါ့မလား...။ (မပြတ်ပါဘုရား)။

ထို့အတူပဲတဲ့၊ ခင်ဗျားတို့ အပါယ်နဲ့ပြတ်ဆိုတာလဲတဲ့၊ ခင်ဗျားတို့ မဂ်ဉာဏ်က နိဗ္ဗာန်တည်းဟူသော စပါးပင်ကို ဆွဲကိုင်ရာ ရမှ ခင်ဗျားတို့ ဒုက္ခချုပ်တာ သိတဲ့ဉာဏ်က သက္ကာယဒိဋ္ဌိတည်းဟူသော တရားတွေကို ဖြတ်ချလိုက်တယ်...။ (မှန်ပါဘုရား)။

သက္ကာယဒိဋ္ဌိတည်းဟူသော စပါးပင်တွေကိုလေ... (မှန်ပါ)၊နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာ ရတော့မှ တစ်ခါတည်း မဂ်ကနေပြီး ကဲ...သွားတော့ကွာ၊ အပါယ်လေးပါးသွားတဲ့ တရားတွေ ပြတ်ကြပေတော့ ပြုတ်ကြပေတော့ ဆိုပြီးသကာလ ဖြတ်တယ်...။ (မှန်ပါ)၊ ဒီတော့ မောင်အောင်သိန်းရေ ဆွဲကိုင်ရာ ရမှ ဖြတ်တယ်နော်...။ (မှန်ပါဘုရား)။

ဒါကြောင့် နိဗ္ဗာန်ဆွဲကိုင်ရာ ဒုက္ခချုပ်တဲ့ သဘောကို မြင်တဲ့ ပုဂ္ဂိုလ်သာလျှင် မဂ်က ဆွဲကိုင်ရာ ရသည်ဖြစ်လေသောကြောင့် မဂ်ဉာဏ်သည် တစ်ခါတည်း စပါးပင်နဲ့တူတဲ့ ဒိဋ္ဌိတွေ ဖြတ်ချလိုက်တယ်...။ (မှန်ပါ)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဆွဲကိုင်ရာ မရသေးရင်...(မပြတ်သေးပါ)၊ မပြတ်နိုင်

ဘူး ကိုသောင်းရေ...(မှန်ပါ)၊ ဦးညို ရိပ်မိပလား...။ (ရိပ်မိပါပြီ)။

## သကြီန်တွင်းကလေး ကြိုးစားလိုက်ပါ

ဒါကြောင့် ခင်ဗျားတို့ ဒီသကြိန်တွင်းကလေး နက်ဖြန်ဆိုလဲ လပြည့်မဟုတ်လား၊ ဒါကလေ ဒီနေ့ညဖြစ်စေ၊ တစ်ညနှစ်ည ကြိုးစားလိုက်၊ ကြိုးစားလိုက်တဲ့အခါကျလို့ ရှိရင် ကျုပ်ဖြင့် နိဗ္ဗာန်ဆွဲကိုင်ရာရပြီ၊ မဂ်ဉာဏ်က ဒိဋ္ဌိဖြတ်လို့ ဒိဋ္ဌိကို ဖြတ်ချလိုက်ပြီ၊ ကျုပ်အတွက်ဖြင့် စိတ်အေးရပြီဆိုတဲ့ ဥစ္စာ ကိုယ်တိုင်သိဖြစ်အောင် မောင်နိုင် လုပ်လိုက်ပါ...။ (မှန်ပါဘုရား)။

နောက်က ဒကာ ဒကာမတွေ ဘယ့်နှယ်လုပ်ကြမယ်...(ကိုယ်တိုင်သိဖြစ်အောင် လုပ်ကြပါမယ်ဘုရား)၊ ကိုယ်တိုင်သိဖြစ်အောင် လုပ်လိုက်စမ်းပါ။

ငါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတဲ့တရားသည် သူများပြောသံကြားနဲ့ ငါ ပြောတာမဟုတ်ဘူး၊ မင်းကိုယ်တိုင် သိပါလိမ့်မယ်ကွတဲ့၊ သန္ဒိဋ္ဌိကော-ကိုယ်တိုင်မြင်ပါလိမ့်မယ်...။ (မှန်ပါဘုရား)။

ချုပ်တာလဲ ကိုယ်တိုင်သိတာပဲ...။ (မှန်ပါ)၊ မသိဘူးလား...။ (သိပါတယ်)၊ ချုပ်ဆုံးတာဟာ နိဗ္ဗာန်ပဲဆိုတာကော...(သိပါတယ်ဘုရား)၊ သိတဲ့အခါကျတော့ ဒိဋ္ဌိက

ရှိသေးရဲ့လား...။ (မရှိပါ)၊ ဒိဋ္ဌိပယ်တာလဲ ကိုယ်တိုင် သိတာပဲ...။ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒီအခွင့် တွေဟာ ဆရာသမားကလဲ ကျန်းမာ၊ ဒကာ ဒကာမတွေ ကလဲ ထောင်နိုင်တဲ့နားနဲ့ ကျောင်းလာနိုင်တုန်း အရေးကြီးတဲ့ အဲချက်ကို ဆရာဘုန်းကြီးက ပြောနေတော့ ဩော်...ဒါ ကလေးတော့ဖြင့် ပိုင်အောင် လုပ်မှပဲ၊ ဒါ မပိုင်လို့ သိန်း တစ်ရာ ချမ်းသာတယ်ထားပါနော်...။ (မှန်ပါ့ဘုရား)။

ကိုမြင့် သိန်းတစ်ရာ ချမ်းသာတယ်ဆိုပါတော့... (မှန်ပါ့)၊ သိန်းတစ်ရာချမ်းသာလဲ သိန်းတစ်ရာချမ်းသာတာ သာ ရှိတာပဲ၊ ငါက မပြုတ်တော့ ဒိဋ္ဌိ–ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံ၊ ကမ္မဘဝပစ္စယာ ဇာတိအပါယ်ဇာတိ လာ ဦးမှာပဲ...။ (မှန်ပါ့)၊ မလာပေဘူးလား...။ (လာပါတယ် ဘုရား)။

**အပါယ်အကျခံပြီး မိုက်တယ်**

အဲဒါကြောင့် ခင်ဗျားတို့က ဩော်...ပစ္စည်းလဲ ရှာရ တယ်ဘုရား၊ အရှင်ဘုရားများလို လွယ်လွယ်ကူကူက စားရ သောက်ရတာ မဟုတ်တော့ တပည့်တော်များအတွက်က အပါယ်ကျမှာ ကြောက်ပါတယ်ဘုရား၊ ကိုယ့်ကိုယ်လဲ သနား ပါတယ်၊ သို့သော်လဲ သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့

ဆိုတော့ စားဖို့, သောက်ဖို့, နေဖို့, ထိုင်ဖို့, လူပုံအလယ်မှာလဲ လူတင့်တယ်ကလေး ဖြစ်အောင် လုပ်ရသေးတယ်ဆိုပြီး အရေးမကြီးတဲ့ဘက် လှည့်လှည့်ကြည့်တယ်...။ (မှန်ပါ့)၊ မကြီးဘူးလား...(ကြီးပါတယ်)၊ အဲဒါ အပါယ်ကျခံ မိုက်ပါပေတယ်လို့ပဲ စွဲချက်တင်လိုက်တယ်...။ (မှန်ပါ့)။

ဘယ့်နှယ်ဆိုမလဲ... (အပါယ်ကျခံ မိုက်ပါပေတယ်ဘုရား)၊ မောင်အောင်သိန်း မပြောထိုက်ပေဘူးလား...(ပြောထိုက်ပါတယ်)၊ အပါယ်ကျခံ မိုက်ပါတယ်ဆိုတဲ့ စကားဟာ သေးတဲ့စကား မဟုတ်ဘူး၊ သူ့ဒုက္ခအကြီးဆုံးကိုး၊ သူသည်ကားလို့ဆိုလို့ရှိရင်ဖြင့် မထွက်နိုင်တဲ့နေရာ လျှောက်ရှာတော့မယ်၊ မဆုံးနိုင်တဲ့နေရာ လျှောက်ရှာတော့မယ်၊ ဘယ်သူမှ မကယ်ယူနိုင်တဲ့နေရာ လျှောက်ရှာတော့မယ်ဆိုပြီး အကြီးဆုံး မိုက်ပြီးသကာလ နေလေရဲ့ဆိုရင်ကော လွဲပါ့မလား...။ (မလွဲပါဘုရား)။

အဲဒါကြောင့် ရင်ဝလှံစူး, ဦးခေါင်းမီးလောင်တာထက် အရေးတကြီး ဒိဋ္ဌိဖြုတ်လို့ ဘုရားက ဟောထားတာ၊ ဦးဘအုန်းတို့ အေးစက်စက်လုပ်လို့ တော်ပါ့မလား...။ (မတော်ပါဘုရား)။

ဒါ ဘုရားဟော ပါဠိတော်တွေကို ပြနေပါတယ်၊ ပါဠိရွတ်နေရင် ခင်ဗျားတို့ မသိမှာစိုးလို့ပါ၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ကိုင်း…ဒါဖြင့် ဒကာ ဒကာမတွေက ဆရာဘုန်းကြီးက ခင်ဗျားတို့ကို မြည်တယ်, တွန်တယ်လို့ ဒီလို ဆရာဘုန်းကြီးအပေါ်မှာလဲ စွဲချက်မတင်လိုက်ပါနဲ့…။ (မှန်ပါ့ဘုရား)။

မတင်လိုက်ပါနဲ့တဲ့၊ ကိစ္စကလေးရှိသေးတယ်ဘုရား၊ ဘာကိစ္စတုံး၊ ရစရာ, ယူစရာ ကိစ္စမှတစ်ပါး မောင်နိုင်ဘာမှ မရှိဘူး…။ (မှန်ပါ့)၊ ရစရာ, ယူစရာ, ပေးစရာ ကိစ္စမှတစ်ပါး ဘာရှိသေးတုံး…။ (မရှိပါဘုရား)။

## ကိုယ့်ဒိဋ္ဌိပြုတ်တဲ့အလုပ် အရင်လုပ်ပါ

အဲဒီကိစ္စဟာ ဘယ်အချိန်ယူယူ, ဘယ်အချိန်ပေးပေး မပြီးနိုင်တဲ့ အလုပ်တွေ…။ (မှန်ပါ့)၊ ဒါကလေးလောက်နဲ့ ကိုယ့်ဒိဋ္ဌိပြုတ်တဲ့အလုပ်ကို မလုပ်ဘဲနဲ့ ဒကာ ဒကာမတွေက ဟိုကိစ္စဘက်ကို လှည့်သွားမယ်ဆိုရင်ဖြင့် အပါယ်ကျခံမိုက်ပါပေတယ်…။ (မှန်ပါ့ဘုရား)။

နောက်က ဒကာ ဒကာမတွေ ဒါဟာ မြည်တာ, တွန်တာလား၊ အမှန် ပြောတာလား…။ (အမှန်ပြောတာပါ)၊ အမှန်ပြောတာလို့ဆိုတာ သေချာကြပလား…။ (သေချာပါပြီဘုရား)။

ဦးညို ဆင်ခြေလဲချင်သေးသလား…။ (မှန်ပါ့)၊ မောင်

အောင်သိန်း ဆင်ခြေလဲရင် လွဲလိမ့်မယ်ကွနော်…။ (မှန်ပါ ဘုရား)။

ကိုင်း…ဒါဖြင့် စိတ်ဆယ့်နှစ်မျိုးရှိတဲ့အနက်က ရှုစိတ်, ရှိုက်စိတ် ပြန်ပြီးသကာလ ရှု၊ ပေါ်ရာလိုက်ရှုဆိုတဲ့ ဥစ္စာ တော့ နေ့တိုင်းပြောလို့ သိတော့နော်…။ (မှန်ပါ)၊ ဒါ ဘာလုပ်နေတာတုံးဆိုလို့ ရှိရင်ဖြင့် ကျင့်မှုနဲ့ဖြုတ်နေတာ…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

**ဖြစ်ပျက်မြင်ရင် ဒိဋ္ဌိဖြုတ်နေတာ**

ဖြစ်ပျက်ကလေးတွေမြင်တော့ ဘာနဲ့ဖြုတ်မလဲ… (ကျင့်မှုနဲ့ဖြုတ်ရပါမယ်)၊ အပါယ်သွားတဲ့တရားကို ကျင့်မှုနဲ့ ဖြုတ်နေတာ…(မှန်ပါ)၊ ဆုတောင်းနဲ့ဖြုတ်တာ မဟုတ်ဘူး…။ (မှန်ပါဘုရား)။

ဖြစ်တာနဲ့ ပျက်တာ မြင်တဲ့ ဒကာ ဒကာမတွေကျ တော့ ဩော်…ဘယ်မှာသာလျှင် ငါ ဟုတ်ရမတုံးဆိုတာ သေချာသွားတယ်…။ (သေချာပါတယ်ဘုရား)။

အဲဒီတော့ ငါမပြုတ်ဘူးလား…(ပြုတ်ပါတယ်ဘုရား)၊ ဘာနဲ့ ပြုတ်တာပါလိမ့်…။ (ကျင့်မှုနဲ့ပြုတ်တာပါဘုရား)။

နောက်ကျတော့ ဖြစ်ပျက်ကို မရှိတော့ပါဘူး၊ ဖြစ်ပျက် ဒုက္ခသစ္စာကြီး ဆုံးသွားပါပြီဆိုတဲ့အခါကျတော့ ဒကာ

ဒကာမတွေ ဖြစ်ပျက်မလိုချင်လို့ ဆုံးသွားပေါ့ပဲဆိုတော့ ဒိဋ္ဌိနေစရာကို ရှိသေးသလား...(မရှိပါဘုရား)။

အဲဒါကျတော့ မဂ်က ပါယ်ချလိုက်တယ် ဒိဋ္ဌိကို... (မှန်ပါ့)၊ အပါယ်နဲ့ ပြတ်သွားတယ်...။ (မှန်ပါ့)၊ ပယ်မှုနဲ့ ပြတ်သွားတာလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)၊ ရှင်းမလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အပြတ်ဘယ်နှစ်မျိုးပါလိမ့်...။ (သုံးမျိုးပါ ဘုရား)၊ တရားနာတုန်းပြတ်တာက...(အသိနဲ့ပြတ်ပါတယ် ဘုရား)၊ ကမ္မဋ္ဌာန်းကျောင်း သွားထိုင်လို့ပြတ်တာက... (အကျင့်နဲ့ပြတ်တာပါဘုရား)။

ရှုရင်းမတ္တနဲ့ ဒီစိတ်ရှုနေတာ စိတ်တွေ အကုန်ပျောက် ပြီး ဒုက္ခသစ္စာတွေပဲဆိုပြီး သိပြီး ချုပ်သွားတဲ့အခါကျတော့ ပြတ်တာက...(အပါယ်နဲ့ပြတ်တာပါဘုရား)။

အဲဒီလို ပယ်မှုနဲ့ပြတ်အောင် ဦးညိုကြီးတို့ ကြိုးစား လိုက်ပါ၊ တိုက်တွန်းတယ်နော်...။ (မှန်ပါ့)။

ကိုမြင့်တို့ ဒီဥစ္စာ နည်းနည်းနောနော တိုက်တွန်းတာ မဟုတ်ပါဘူး ဆိုတာကော ပေါ်လာကြပလား...။ (ပေါ်လာ ပါပြီ ဘုရား)။

ကောင်းပြီ...ဒါဖြင့် ရှင်းသွားပြီဆိုတဲ့အခိပ္ပါယ်ဖြင့် ဘာမှ ပြောဖို့မလိုဘူး...။ (မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိ မပြုတ်လို့ရှိရင် ဘုရားက တရားဟောနေကြွားသော်လဲ မရဘူး…။ (မှန်ပါဘုရား)၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရဘူး၊ ကိုယ်က သက္ကာယဒိဋ္ဌိမပြုတ်ရင်လေ… (မှန်ပါဘုရား)၊ ဘုရားက တရားဟောကြွားသော်လဲ…(မရပါဘုရား)။

**သစ္စကပရိဗိုဇ်**

မရတာကလေး၊ ဝတ္ထုသက်သေသာကေကလေး ထုတ်ပြပါမယ်နော်…။ (မှန်ပါဘုရား)။

ဝေသာလီပြည်မှာ ဒကာ ဒကာမတို့ တပည့်ပေါင်းတစ်ထောင်ရှိတဲ့ သစ္စကပရိဗိုဇ်ဆိုတာ ဘုန်းကြီး ထုတ်ပြမယ်၊ သူ့မှာ တပည့်ပေါင်းတစ်ထောင်ရှိတယ်၊ လိစ္ဆဝီမင်းသားပေါင်းနော်…။ (မှန်ပါဘုရား)။

အဲဒီပေါ်မှာ သူ ကျောင်းဆရာကြီး လုပ်ပြီးသကာလ သူ နေတယ်…။ (မှန်ပါ)၊ တစ်နေ့လျှင် သူ့ဆီမှာ ထမင်းပို့တာချည်း ထမင်းအုပ်ပေါင်း ကိုပေါ်ရေ…တစ်ထောင်ရှိတယ်နော်…။ (မှန်ပါဘုရား)။

အဲဒါလောက်ပဲ သူသည် ပညာတွေသင်၊ သူကလဲ စကားတတ်၊ စာတတ်ဖြစ်ပြီးသကာလနေတော့ ကိုးကွယ်ကြ၊ ဆည်းကပ်ကြနဲ့ ဒီလိုနေတယ်…။ (မှန်ပါ)။

အဲဒီတော့ ဒီပြင် တိတ္ထိ ဆရာကြီး ခြောက်ယောက်တွေ မေးလိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် မောင်နိုင် သူကသာမေးရင် တိတ္ထိဆရာကြီးတွေ ချာချာလည်သွားတာပဲ…။ (မှန်ပါ့)။

စကားကလဲ တတ်ပြန်၊ ပုစ္ဆာတွေကလဲ သူ့မှာ တစ်ထောင်ကျော်လောက် ရ,ထားတယ်…။ (မှန်ပါ့)၊ အဲဒီ ပုစ္ဆာတွေနဲ့ မေးလိုက်ပြီဆိုရင် တိတ္ထိဆရာကြီးတွေ ချာချာလည်သွားတာပဲ…။ (မှန်ပါ့)။

အဲဒီတော့ သူ့မှာ ဘဝင်မြင့်တဲ့ရောဂါ ကိုမြင့် ကပ်နေတယ်…။ (မှန်ပါ့)၊ ငါလိုလူ လောကမှာ မရှိတော့ဘူးဆိုပြီး ဘဝင်မြင့်တဲ့ ရောဂါ ကပ်နေတယ်…။ (မှန်ပါ့)။

ဆရာကြီးကလဲ ဖြစ်၊ လိစ္ဆဝီမင်းသားတွေကလဲ ရှင်ဘုရင်တွေကိုး၊ ရှင်ဘုရင့်ပေါ် ဆရာလုပ်ရတယ်ဆိုတော့ စားမှု, သောက်မှုကလဲ အလုံးစုံပြည့်စုံနေတော့ အင်မတန် ဘဝင်မြင့်နေတာ…။ (မှန်ပါ့ဘုရား)။

## ရှင်အဿဇိ ရဟန္တာမထေရ်

တစ်နေ့သဍ်ကျတော့ ရှင်သာရိပုတ္တရာ၏ ဆရာ ရှင်အဿဇိဆိုတဲ့ ရဟန္တာမထေရ်မြတ်ဟာ လိစ္ဆဝီနယ်ထဲမှာ လာပြီး ဆွမ်းခံတယ်…။ (မှန်ပါ့ဘုရား)။

ဆွမ်းခံလာတဲ့အခါကျတော့ သူက လိစ္ဆဝီမင်းသားတို့ အိမ်ကို အံသြောင်းပြေ အညာပြေ လျှောက်လည်တာနဲ့ ဒီကိုယ်တော်နဲ့ သွားတွေ့တယ်...။ (မှန်ပါ့)။

တွေ့တော့ အရှင်ဘုရား ခေတ္တရပ်စမ်းပါဦး ဆိုပြီး သစ္စကပရိဗိုဇ်က သွားတယ်၊ အရှင်ဘုရားတို့ ဂေါတမဘုရား က အရှင်ဘုရားတို့ကို ဘယ်လိုများ ဆုံးမသတုံး...။

ဟာ...ရုပ်ဟာ အနိစ္စ, ဝေဒနာအနိစ္စ, သညာအနိစ္စ, သင်္ခါရအနိစ္စ, ဝိညာဏ်အနိစ္စ၊ တစ်နည်း ရုပ်ဟာ အနတ္တ, ဝေဒနာအနတ္တ, သညာအနတ္တ, သင်္ခါရအနတ္တ, ဝိညာဏ် ဆိုတဲ့...စိတ် အနတ္တ၊ နောက်ဆုံးပိတ်တစ်နေ့ကျတော့ သဗ္ဗေ သင်္ခါရာ အနိစ္စာ, အနိစ္စာသဗ္ဗေသင်္ခါရာ. ဒုက္ခာလို့ ဟော တယ်၊ ဒါကို ကျုပ်တို့ဘုရားက ဟောလဲဟောတယ်၊ ဒီလို ကျင့်ကြံရမယ်လို့လဲ ဆုံးမတယ်၊ ကိုပေါ်...နော်...။ (မှန်ပါ့)၊ အဲဒီလို အဿဇိမထေရ်က ပြောတယ် ဦးညိုရ...(မှန်ပါ့)။

ဩော်...အရှင်ဘုရားတို့ ဂေါတမကိုယ်တော်ကြီး ပြော ဘဲ့ စကား တပည့်တော် ကြားရတာကို မကောင်းသဖြင့် ကြားရတာပဲတဲ့၊ သူ့စိတ်ထဲ မကျေနပ်ဘူး...။ (မှန်ပါ့)။

ဘယ်တော့များ ဒီ ဂေါတမကိုယ်တော်ကြီးနဲ့ အမေး အဖြေများ လုပ်ရပါ့မတုံး၊ သူ့အယူ ပြင်ပေးချင်တယ်၊ သူက အလုံးစုံအနိစ္စ, အလုံးစုံအနတ္တလို့ ဟောနေတယ်၊ ဒီအယူကို သူနဲ့တွေ့တဲ့အခါ ပြင်ပေးချင်တယ်တဲ့...(မှန်ပါ့)၊ မောင်နိုင်

ဘယ်လောက်ထိအောင် ဘဝင်မြင့်နေတယ်ဆိုတာ... (မှန်ပါ့, မြင့်ပါတယ်ဘုရား)။

ဒါနဲ့ ကဲ...အရှင်ဘုရား ကြွပေတော့၊ အရှင်ဘုရား ပြောတဲ့စကား ကြားရတာ အယူဝါဒတော့ သိပြီ...သို့သော် လဲ့ မကောင်းသဖြင့် ကြားရတာပဲလို့ သူ့စိတ်ထဲမှာ မချမ်း သာဘူး...။ (မှန်ပါ့)။

**သစ္စက,က အတ္တဒိဋ္ဌိသမား**

အနိစ္စနဲ့ အနတ္တ ကြားရတာကို ကိုမြင့်...မချမ်းသာ ဘူးတဲ့...(မှန်ပါ့)၊ သူက အတ္တဒိဋ္ဌိသမားကိုး...။ (မှန်ပါ့)။

သူက ဘာသမားပါလိမ့်...(အတ္တဒိဋ္ဌိသမားပါဘုရား)၊ အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိသမား၊ သူက ရုပ်ခိုင်တယ်၊ ဝေဒနာ ခိုင်တယ် ဆိုတဲ့ဘက်က...(မှန်ပါ့)။

ဒီလိုနဲ့ သူ့ လိစ္ဆဝီမင်းသားတွေဆီသွား၊ ဒီကနေ ပြန်ပြီး သွားတဲ့အခါကျတော့ လိစ္ဆဝီတို့...သတိထားကြပေ့...၊ ရှေး တုန်းကတော့ ဂေါတမဘုရားကို စောဒကတက်ချင်ပြားသော် လဲ သူ့ဆီက စကားသံတွေ ဘာမှ မကြားရသေးလို့ ဘယ်လို မေးလို့ ဘယ်လို ပြောရမှန်း မသိဘူး။

ယနေ့တော့ဖြင့် သူ့တပည့် အဿဇိ ဆိုတဲ့ ကိုယ်တော်

ရတဲ့အတွက် မေးလိုက်ရလို့ရှိရင် ချာချာလည်သွားတော့မှာ ပဲကွာ။

ဒါကြောင့် ဒီနေ့ ဂေါတမဘုရားဆီသွားရအောင် လိစ္ဆဝီတို့ လိုက်ခဲ့ကြဟေ့၊ သူ ပုစ္ဆာထုတ်သွားတော့မယ် နော်...။ (မှန်ပါ့ဘုရား)၊ ဒါနဲ့ပဲ တစ်နေ့သဥ္စကျတော့ သွားတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ စောင့်နေတော်မူတယ်၊ နံနက်မိုးလင်း ဉာဏ်နဲ့ ချိန်လိုက်တဲ့အခါ သစ္စက ပေါ်လာတယ်...။ (မှန်ပါ့ဘုရား)။

ဩော်...ဒီ သစ္စကဟာ ငါ့ဆီ အမေးအမြန်း လာမှာ ပါကလား၊ လာလို့ရှိရင်, သူသည်ကားလို့ဆိုလို့ရှိရင် အရှုံး ပေးလိမ့်မယ်၊ အရှုံးပေးပြီးသကာလ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တော့ သူ...အတ္တဒိဋ္ဌိမပြုတ်တဲ့အတွက် မရပေဘူး။

သို့သော်လဲ နောင် ဝါသနာပါအောင်တော့ဖြင့် ငါ ပြင်ပေးရလိမ့်မယ်...။ (မှန်ပါ့)။

ကဲ...ဟောပေမယ့် မပြုတ်ဘူးတဲ့...။(မှန်ပါ့)၊မပြုတ်တဲ့ အတွက် ဝါသနာပါရုံပဲ ရမယ်တဲ့...။ (မှန်ပါ့)။

ဦးညိုရေ...ခင်ဗျားတို့ကတော့ ဘုရားကို လက်ဦးစွာ ဖူးတွေ့ရတော့ ဟုတ်လိမ့်မယ်လို့ ထင်နေတယ်...။ (မှန်ပါ့ ဘုရား)၊ ဟိုမှာ ကိုယ်တိုင် အတွေ့ကြီး တွေ့တာတောင်မှ ဘယ့်နှယ်နေသတုံး...။ (မရပါဘုရား)၊ မရနိုင်ဘူး...တဲ့၊ ဒိဋ္ဌိခံနေလို့ရှိရင်...(မှန်ပါ့)။

ဒကာ ဒကာမတို့ ဒိဋ္ဌိခံနေရင်...(မရနိုင်ပါဘုရား)။

ခင်ဗျားတို့ကတော့ဖြင့် ဘယ်သူက ပြောထားတယ် မသိဘူး၊ ဘယ်လိုရယ်တော့ မသိဘူး၊ သူများ ပြောသံကြား တွေနဲ့ လက်ဦးစွာ ဖူးတွေ့ရဖို့ပဲ စိတ်ကူးနေကြတယ်နော်...။ (မှန်ပါ)။

## ဒိဋ္ဌိပြုတ်မှ ကျွတ်တမ်းဝင်တယ်

ဖူးတွေ့ရပေမယ့်လဲ ဖူးတွေ့ရတာကို ကုသိုလ်မရဘူး လို့ ဆရာဘုန်းကြီးက မဟောပါဘူး...၊ ဗုဒ္ဓါနုဿတိ ကုသိုလ်ရတာပေါ့၊ သို့သော် ဒိဋ္ဌိပြုတ်မှ ကျွတ်တမ်းဝင် မယ်...။ (မှန်ပါ)။

ဘယ်လိုပါလိမ့်...(ဒိဋ္ဌိပြုတ်မှ ကျွတ်တမ်းဝင်မှာပါ ဘုရား)၊ ဒိဋ္ဌိပြုတ်မှ ကျွတ်တမ်းဝင်မယ်ဆိုတာ မှတ်ထား လိုက်ကြစမ်းပါ...။ (မှန်ပါ)။

ခင်ဗျားတို့ လှူကြ, တန်းကြ, ပေးကြ, ကမ်းကြတာ တွေ နိဗ္ဗာန်လို့ချင်လို့...(မှန်ပါ)၊ မောင်နိုင် ဘာလိုချင်လို့ တုံး...(နိဗ္ဗာန်လိုချင်လို့ပါဘုရား)။

နိဗ္ဗာန် လိုချင်လို့ရှိရင်ဖြင့် * သူချည်းသက်သက်နဲ့ မရဘူး...၊ သူ့ကိုလဲလုပ်၊ ဒိဋ္ဌိလဲ ဖြုတ်ရလိမ့်မယ်...(မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

---

* ဒါန, သီလချည်း လုပ်လို့မရဘူး ဆိုလိုတော်မူသည်။

သူ့လဲလုပ်...(ဒိဋ္ဌိလဲ ဖြုတ်ရပါမယ်ဘုရား)၊ မပြုတ်ဘဲနဲ့တော့ဖြင့်...(မရပါဘုရား)၊ သူ့ချည်းလုပ်နေလို့ ဝိပဿနာ ခပါတော့ဘူး ဆိုရင်တော့ ရပါ့မလား...။ (မရပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မသိသေးတဲ့ ပုဂ္ဂိုလ်က ပြင်ပြီး ဩော်...ဒါန,သီလလဲ လုပ်ရမှာပဲ၊ ဒိဋ္ဌိလဲ ဖြုတ်ရမှာပဲ၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒိဋ္ဌိ မဖြုတ်ရင်တော့ဖြင့်...(မရပါဘုရား)၊ မရဘူး၊ သူ့ချည်းသက်သက်လောက်နဲ့ဖြင့် အကူအညီတော့ ရမယ်၊ ဒိဋ္ဌိတော့ အမိကထားပြီး ဖြုတ်ရဦးမှာပဲဆိုတဲ့ဥစ္စာ ဒိဋ္ဌိဖြုတ်ရမယ်ဆိုတာ ခုနင်က ဝိပဿနာသုံးမျိုးနဲ့ ဖြုတ်ရမယ်...။ (မှန်ပါ့)၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ကိုင်း...ဒါနဲ့ပဲ လိစ္ဆဝီမင်းသားတွေနဲ့ ဘေးကလူတွေကလဲ ဩော်...ဒီ ပုဂ္ဂိုလ်ကလဲ သစ္စကဆိုတာ ပညာရှိ၊ ဟိုမှာ ဂေါတမမြတ်စွာဘုရားဆိုတာကလဲ အတုမရှိ၊ ပညာရှိနှစ်ပါး မေးတာ မြန်းတာတော့ဖြင့် ကြားရအောင်ဆိုပြီး ပြုံးပြီး လိုက်လာကြတာပေါ့...။ (မှန်ပါ့)။

ဝေသာလီပြည် မဟာဝုန်ကျောင်းမှာ ဘုရားက မနေဘဲနဲ့ သစ်ပင်တစ်ပင်မှာ သွားနေလိုက်တယ်၊ နေလိုက်တော့ သစ္စကလာပြီးသကာလ ဘုရားကို မေးတယ်၊

ရဟန်းတွေကလဲ စကြံသွားနေကြတယ်၊ အရှင်ဘုရား ဂေါတမဘုရားနဲ့ တွေ့ချင်ထယ်၊ ဟာ...ဒီမှာ မရှိဘူး၊ မဟာ ဝုန်တောထဲမှာ အဲဒီကိုသွားရဲ့...တဲ့။

## ရှင်ကြီးဂေါတမ ပုစ္ဆာလေး မေးပါရစေ

ဒါဖြင့် အရှင်ဘုရားများ ညွှန်ပြပါဘုရား၊ ဘယ်နေရာ မှာဆိုတာ၊ အေးအေး–ဆိုပြီး ဘယ်နေရာ နေတယ်လို့ ညွှန်ပြလိုက်တော့ သူ ရောက်သွားပြီး ဘုရားနဲ့ အာလာပ, သလ္လာပ ဆိုတဲ့ ကျန်းမာကြရဲ့လား၊ ချမ်းသာကြရဲ့လား ဆိုတာတွေ အမျိုးမျိုး မေးခွန်းတွေ ထုတ်ပြီး အမျိုးမျိုး ပြောတယ်...။ (မှန်ပါ့)။

ပြောတော့ သူက ရှင်ကြီးဂေါတမ...တဲ့၊ ပုစ္ဆာကလေး တစ်ခု မေးပါရစေတဲ့၊ သူကပဲ စ,လိုက်တယ်၊ ကိုမြင့်... (မှန်ပါ့ဘုရား)။

ဟာ...မေးသာမေးပါကွာ၊ ငါ ဖြေပါ့မယ်၊ မေးသာမေး ဖြေမယ်လို့ လာတယ်...။ (မှန်ပါ့ဘုရား)။

ဒီပြင် ပုဂ္ဂိုလ်တွေကတော့, ဘုရားအောက်က သာဝက ကြီးတွေကတော့ သိရင် ဖြေရတာပေါ့...။(မှန်ပါ့)၊ ဘုရားက တော့ မဟုတ်ဘူး၊ မေးသာမေး ဖြေမယ်ဆိုတော့ ခွင့်ပေးပုံ ချင်း မကွာဘူးလား...။(ကွာပါတယ်ဘုရား)။

တခြားသော ပုဂ္ဂိုလ်ကတော့ သိရင် ဖြေတာပေါ့ဗျာ၊ ဒီလိုသာ ဖြေလေ့ရှိတယ်တဲ့၊ ဘုရားမှတစ်ပါး ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့...(မှန်ပါ့)။

ဘုရားကတော့ ဘာတုံး...(မေးသာမေးပါ)၊ မေးသာမေး ဖြေမဟော့...၊ မင် သံသယရှိတာ အကုန်ဖြေမဟော့...၊ ဒီလိုပဲ ဖိတ်ကြာ နိုင်တဲ့ စွမ် ရည်သတ္တိရှိတယ်ဆိုတာ ပေါ်လာကြပလား...။(ပေါ်လာပါပြီဘုရား)။

**သစ္စကအယူ**

အဲဒါနဲ့ပဲ ကဲ...မေးသာမေးပါကွာ၊ ဖြေပါ့မယ်ဆိုတော့ တောကြီးထဲမှာ သစ်ပင်တွေ, ဘာတွေ ပေါက်ကြရတယ်၊ မြေမရှိမပေါက်နိုင်ဘူး၊ မြေပေါ်, ရေပေါ်မှာ သစ်ပင်တွေ ပေါက်ရတယ်၊ ဒါက တစ်မျိုးပါ၊ မြေအစိုင်ရှိမှ သစ်ပင်တွေက ပေါ်နိုင်တယ်၊ ဒါက တစ်မျိုး။

တစ်နည်း ဥပမာကတော့ အားခွန်ဗလရှိတဲ့ပုဂ္ဂိုလ်တွေ ထင်းပေါက်မယ်၊ ကျောက်တူးမယ်၊ မြေတစ်ခုပေါ်မှာ ရပ်ပြီးသကာလ၊ ခိုင်ခိုင်မာမာပေါ်မှာ ရပ်ပြီးသကာလမှ ပေါက်ပြားပေါက်လို့, ပုဆိန်ပေါက်လို့ ရမှာကိုး...။(မှန်ပါ့)၊ နို့မဟုတ်ရင် ရပါ့မလား...(မရပါဘုရား)။

အဲဒီလိုဖြစ်နေတော့ ဒီမှာလဲတဲ့ ခန္ဓာငါးပါးတည်းဟူသော မြေအတ္တ, ခိုင်တာ, မြဲတာရှိမှ ကုသိုလ်တွေ,

အကုသိုလ်တွေ လုပ်လို့ ဖြစ်တယ်...တဲ့...(မှန်ပါ့ဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ခန္ဓာငါးပါးဟာ ခိုင်မြဲတဲ့ မြေသဖွယ်တဲ့၊ ခန္ဓာငါးပါးကို သူက ခိုင်တဲ့ဘက်ကထားတယ်...။ (မှန်ပါ့)။

အဲဒီခန္ဓာငါးပါးခိုင်မှ ကုသိုလ်လဲ လုပ်နိုင်တယ်၊ အကုသိုလ်လဲ လုပ်နိုင်တယ်၊ ဒီခန္ဓာငါးပါး မခိုင်ခဲ့သော် ကုသိုလ်လဲ လုပ်စရာမရှိတော့ဘူး၊ အကုသိုလ်လဲ လုပ်လို့မဖြစ်တော့ဘူး၊ ဒါ့ကြောင့် ခန္ဓာငါးပါးကို သူက အတ္တ...တဲ့၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ အနတ္တမဟုတ်တော့ဘူး...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဒါ...ဘယ်သူ့ အယူပါလိမ့် မောင်နိုင်...(သစ္စက အယူပါဘုရား)၊ နောက်က ဒကာ ဒကာမတွေ...(သစ္စက အယူပါ)၊ သစ္စက အယူ။

ခင်ဗျားတို့လဲ သစ္စက အယူသာပြောတယ်၊ ခင်ဗျားတို့လဲ တစ်ခါတလေ သစ္စကဖြစ်နေတာပါသေးတယ်...။ (ပါ,ပါတယ်ဘုရား)။

**တစ်ခါတလေ သစ္စက အသံထွက်လာတယ်**

ကျုပ်အိမ် ကျုပ်မာမှ၊ အကုန် ကျုပ်ပဲ သွားလာပြီး ကျွေးနေရတယ်၊ အံမာ...တစ်ခါတစ်ခါ သစ္စကသံ ထွက်လာတယ်...။ (မှန်ပါ့)၊ မထွက်ဘူးလား...။ (ထွက်လာ

ပါတယ်ဘုရား)၊ ကျုပ်အိမ် ကျုပ်မာမှဆိုတော့ ခန္ဓာငါးပါး ခိုင်မြဲမှပေါ့လေ...။ (မှန်ပါ့ဘုရား)။

ကျုပ်မာမှဆိုတာ ကျုပ်လူကြီးပဲ၊ ကျုပ်ပဲ ခေါင်းဆောင်ပဲ၊ ကျုပ်ပဲ မန်နေဂျာပဲ၊ အဲဒီတော့ ကျုပ်မရှိ မခက်ဘူးလား၊ ကျုပ်မာနေလို့ အခု ဒီတစ်ခုလုံး တစ်ပြုံလုံးကို ကျွေးမွေးပြီး နေနိုင်တာပေါ့ဆိုတော့ ခန္ဓာငါးပါးကို သူက မြေသဖွယ် ခိုင်တယ်, မြဲတယ် မယူလိုက်ဘူးလား...။ (ယူပါတယ်)၊ သဘောပါကြပ့လား...။ (ပါ,ပါပြီဘုရား)။

ဒီအထဲ သစ္စကတွေများ ပါသေးသလား ကိုမြင့်... (ပါ,ပါတယ်ဘုရား)၊ သစ္စကတွေ ပါနေသေးတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

## ဘုရားသခင်က ဖြေတယ်

အဲဒီလို ပြောလိုက်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော့...ဒါဖြင့် သစ္စက မင်းဟာကွာတဲ့...ရုပ်ကို အတ္တဆိုတာပေါ့...။ (မှန်ပါ့)၊ ဝေဒနာ အတ္တဆိုတာပေါ့တဲ့၊ ကဲ... ခိုင်တယ်ပေါ့လေ...။ (မှန်ပါ့ဘုရား)။

သညာအတ္တဆိုတာပေါ့၊ သင်္ခါရအတ္တ ဆိုတာပေါ့၊ စိတ်ကို အတ္တဆိုတာပေါ့၊ အကုန်အတ္တ ဆိုတာပေါ့ကွာ၊ မင်းဟာ ခိုင်တာ မြဲတာချည်းပေါ့၊ မင်း ဒီလိုယူသလားလို့

ဆိုတော့ သူတွင် မကပ်ါဘူးတဲ့၊ အားလုံးလဲ ဒီလိုယူကြတာ ပါပဲတဲ့၊ အားလုံးပေါ် လွှဲလိုက်တယ်...။ (မှန်ပါဘုရား)။

သူလဲ ယူတာပေါ့လေ...။ (မှန်ပါ)၊ အားလုံးပုဂ္ဂိုလ်တွေ လဲ...(ယူပါတယ်)၊ ဒီ ဒကာ ဒကာမတွေပါ ဆွဲထည့်တဲ့ အဓိပ္ပါယ်ပါပြီ...။ (ပါ,ပါပြီ)၊ မပါဘူးလား...။ (ပါ,ပါတယ် ဘုရား)။

ဒါနဲ့ ဘုရားက ဟော့...သစ္စက မင်းနဲ့ ငါနဲ့ အမေး, အဖြေလုပ်နေတာ ဘေးကလူတွေ ဆွဲမထည့်နဲ့ ဘုရားက... (မှန်ပါ)၊ မင်းနဲ့ ငါနဲ့ အမေး,အဖြေလုပ်နေတာ ဘေးက လူ ဆွဲမထည့်နဲ့၊ မင်း ယူတာသာပြောပါ ဆိုပြီး ဘုရားက မေးလိုက်တဲ့အခါကျတော့ သူတစ်ယောက်တည်း၊ ဒါဖြင့် သူဟာ ရုပ်ကို အတ္တဆိုပါတယ်။

ခိုင်တယ်, မြဲတယ် ယူပါတယ်၊ ဝေဒနာကို ခိုင်တယ်, မြဲတယ် ယူပါတယ်ဆိုတော့ ခန္ဓာငါးပါးကို အတ္တယူပါတယ်၊ ကောင်းပြီ၊ ဒါကို မင်း မှတ်ထား၊ ဘုရားက ဖြေလိုက်တယ်၊ မင်း ခန္ဓာငါးပါးကို မင်း အတ္တယူတယ်။

## သတ်ထိုက်တဲ့ပုဂ္ဂိုလ် သတ်ရတယ်

ကောင်းပြီ၊ ကဲ...ကွာတဲ့ ငါ ပြောမယ်၊ ကောသလ မင်းကြီး ရှိတယ်ကွာတဲ့၊ ကောသလမင်းကြီးက တိုင်းနိုင်ငံ အုပ်ချုပ်တယ်၊ အဇာတသတ်တို့လဲ တိုင်းနိုင်ငံ အုပ်ချုပ်

တာပဲ၊ ဒါဖြင့် မင်းတွေဟာ တိုင်းနိုင်ငံအုပ်ချုပ်တော့ ဒီတိုင်းပြည်နေတဲ့ ပုဂ္ဂိုလ်တွေကိုတဲ့၊ တချို့ ရာဇဝတ်သင့်တဲ့ အခါကျတော့ နှင်ထိုက်တဲ့ ပုဂ္ဂိုလ်ကို နှင်ရတယ်ကွ၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

သတ်ထိုက်တဲ့ပုဂ္ဂိုလ်ကို...(သတ်ရပါတယ်)၊ ပစ္စည်းသိမ်းယူထိုက်တဲ့ ပုဂ္ဂိုလ်ကို...(သိမ်းယူရပါတယ်)၊ ဒဏ်ရိုက်ပြီး ယူရတယ်၊ မီးရှို့ပြီး သတ်ထိုက်တဲ့ပုဂ္ဂိုလ်ကော... (သတ်ရပါတယ်ဘုရား)။

## ကိုယ့်ကိုယ် ကိုယ် မပိုင်ဘူး

အဲဒီတော့ကွာတဲ့၊ အဲဒီအသတ်ခံရတဲ့ပုဂ္ဂိုလ်တွက ငါ့ကိုယ် ငါပိုင်တယ်...ငါဖြစ်ချင်သလို ဖြစ်မယ်ဆိုလို့ ရသလား...တဲ့၊ မေးလိုက်တယ်၊ ဘုရားက...(မှန်ပါ့)၊ ဘယ့်နှယ်ဖြေကြမလဲ...။ (မရပါ)၊ ဒါဖြင့် မပိုင်လို့ပေါ့...။ (မှန်ပါ့)၊ ကိုယ့်ကိုယ် ကိုယ်ပိုင်တဲ့သဘော ပါသေးသလား...။ (မပါ,ပါဘုရား)။

ဒါဖြင့် ရှင်ဘုရင်က စီမံသလိုပဲ ရာဇဝတ်သင့်လာတော့ ဒကာ ဒကာမတွေ မခံကြရဘူးလား...။ (ခံကြရပါတယ်)။

ဒါဖြင့် အားလုံးသော ပုဂ္ဂိုလ်တွေ ကိုယ့်ကိုယ် ကိုယ် မပိုင်ဘူးပေါ့...။ (မှန်ပါ့ဘုရား)၊ အနတ္တပဲ...သဘောကျပလား...။ (ကျပါပြီဘုရား)။

မင်းမှာလဲ ဒီပြင်မင်းက တိုက်ယူသွားရင် ပါသွားပြန်တာပဲ...။ (မှန်ပါ့ဘုရား)။

**နိဗ္ဗာန်လဲ အနတ္တ**

ဒါဖြင့် လောကကြီးထဲမှာ ဘာတွေ ရှိသတုံး...။ (အနတ္တသာရှိပါတယ်)၊ အနတ္တတွေသာ ရှိတယ်၊ နိဗ္ဗာန်လဲ အနတ္တပါပဲ၊ လောကအပြင်ဘက်မှာလဲ အနတ္တပဲရှိတယ်၊ လောကကြီးထဲမှာလဲ...(အနတ္တပဲ ရှိပါတယ်)၊ အနတ္တပဲ ရှိတယ် ဆိုတာ သေချာကြပလား...။ (သေချာပါပြီ ဘုရား)။

အဲဒီတော့ကွာတဲ့၊ မင်းက အခု ငါပြောတဲ့ဥပမာ အတိုင်း သတ်ထိုက်တဲ့ပုဂ္ဂိုလ်သတ်တယ်၊ မီးရှို့ထိုက်တဲ့ ပုဂ္ဂိုလ် မီးရှို့၊ ပစ္စည်းသိမ်းယူထိုက်တဲ့ပုဂ္ဂိုလ် ပစ္စည်းသိမ်းယူပြီး ရှင်ဘုရင်တွေက ယူသွားတဲ့အခါကျတော့ ခုနင်က ခံရတဲ့ ပုဂ္ဂိုလ်က ငါ့ကိုယ် ငါပိုင်တယ်ဆိုပြီး ငါ ထင်သလိုရန်းလို့ ငါ ထင်သလို ထွက်သွားမယ်၊ ငါ အသတ်မခံဘူး၊ ငါ့ပစ္စည်း မပေးဘူးဆိုလို့ ရရဲ့လား...။ (မရပါ)၊ ဒါဖြင့် ပိုင်လို့ လား...။ (မပိုင်လို့ပါ)၊ ရှင်းကြပလား...။ (ရှင်းပါပြီ ဘုရား)။

**အကုန် အနတ္တ**

ဒီမှာလဲ ဒကာ ဒကာမတွေ ခန္ဓာကိုယ် ဘယ့်နှယ်နေ ကြသလဲ...(မပိုင်ပါဘုရား)၊ မပိုင်ပါဘူး၊ အကုန်အနတ္တပဲ...။

(မှန်ပါ့)၊ ကိုယ့်သဘောကို ပါကြသေးရဲ့လား…။ (မပါ,ပါ)၊ မပါဘူး၊ ဒါ အနတ္တပဲ၊ အစားမစားဘဲနေရင် ခိုင်းရသေးရဲ့လား…။ (မရပါ)၊ ပိုင်သေးရဲ့လား…။ (မပိုင်ပါဘုရား)။

ဝေဒနာကလေးဖြစ်လာရင် တောင်းပန်လို့ ရသေးရဲ့လား…။ (မရပါ)၊ ဒါဖြင့် ဘယ့်နှယ်ဆိုကြမလဲ…(အနတ္တပါဘုရား)၊ အနတ္တတွေဆိုတာ မသေချာဘူးလား…။ (သေချာပါတယ်ဘုရား)။

အဲဒါတွေ သေသေချာချာ သိတော့မှ ဩော်…ဒါဖြင့် အနတ္တချည်းပဲဆိုတာ ဒကာ ဒကာမတွေ ရှုနေတဲ့ ပုဂ္ဂိုလ်များမှာသာ ထင်ရှားသေးတယ်…။ (ထင်ရှားပါတယ်)၊ မထင်ရှားဘူးလား…။ (ထင်ရှားပါတယ်ဘုရား)။

## သစ္စက ငိုင်သွားတယ်

အဲဒီလို ထင်ရှားပြီးနေတော့မှ ခုနင်က ဥပမာနဲ့ ဘုရားက ဆုံးမလိုက်တဲ့အခါကျတော့ သစ္စက ငိုင်သွားတယ်…။ (မှန်ပါ့)၊ ဩော်…ငါတော့ လွဲကုန်ပြီ၊ ငါတော့ လွဲကုန်ပြီတဲ့၊ ငါက အတ္တလို့ ဆိုထားတယ်၊ လွဲကုန်ပြီ၊ သူ့ဟာသူ ရိပ်မိသွားပြီ…။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ငါ့နောက်က လိုက်လာတဲ့ ပုဂ္ဂိုလ်တွေကိုလဲ ငါ ငဲ့ရတော့မယ်၊ ဘယ်လိုတုံးဆိုလို့ရှိရင်, ငါ ပိုင်တယ်

ငါ၏ တပည့်သားမြေးဆိုတဲ့ လိစ္ဆဝီ တစ်ထောင်တို့လဲ တာဝတိံသာနတ်ပြည်ကဲ့သို့ နတ်ကောင်တွေ, နတ်ရုပ်တွေ, ပဒေသာပင်တွေ ပေါက်စေဆိုရင် ဖြစ်ရတော့မယ်...။ (မှန်ပါ)၊ အခု ဒီလိုလဲ မဖြစ်တော့ ငါ ပြောတာတွေ အကုန်လွဲပြီတဲ့...။ (မှန်ပါ)။

ဒကာ ဒကာမတွေ အတ္တလို့ ဆိုထားတာတွေ ဘယ့်နှယ်ဖြစ်ကုန်ပလဲ...။ (လွဲကုန်ပါတယ်)၊ အကုန်လွဲကုန်ပြီ။

ဒီတွင်းမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးလိုက်တယ်၊ ဟော့...ဘယ့်နှယ်တုံးကွ၊ မင်းကိုယ်မင်း ပိုင်တယ်ဆိုပြီး ရှင်ဘုရင်တွေက အမျိုးမျိုးစီမံတာ ခံနေရတယ် မဟုတ်လား၊ အဲဒီတော့ ရုပ်ဟာ အနတ္တလား, အတ္တလား ကွလို့ မေးတယ်၊ မဖြေဘူး သူက...(မှန်ပါ့ဘုရား)။

**သိကြားမင်း ဘီလူးယောင် ဖန်ဆင်း**

ခန္ဓာငါးပါးတွင် ဝေဒနာဟာ အတ္တလား, အနတ္တလား ဆို မဖြေဘူး၊ ပေခံနေတယ်...။ (မှန်ပါ့ဘုရား)။

ပေခံနေတော့မှ တာဝတိံသာနတ်ပြည်က သိကြားက ဘီလူးယောင်ဖန်ဆင်းပြီးသကာလ၊ အင်မတန် မီးဟုန်းဟုန်း တောက်နေတဲ့ တင်းပုတ်ကြီးကို ကိုင်ပြီးသကာလ သူ့ အပေါ်က ရွယ်တယ်၊ ရွယ်တဲ့အခါကျတော့ ဘုရားနဲ့ သူပဲ

မြင်တယ်၊ သေးက ပရိသတ်တွေ မမြင်ဘူး...။ (မှန်ပါ့ဘုရား)။

အဲဒီတော့ သူ ကြက်သီးမွေးညင်းတွေ ထ,လာပြီး ကြောက်လာတယ်၊ ငါဟာ စကားတွေလဲ လွဲကုန်ပြီ၊ အမှန်ကို မဖြေလို့ရှိရင်လဲ ငါ့ကို ဒီဘီလူးက ငါ့ကို ရိုက်သတ်တော့မယ်၊ ကြောက်စရာလဲ ကောင်းတာ လွန်လို့၊ ချွေးတွေကျကုန်ပြီ၊ ဝမ်းထဲကလဲ မြည်ကုန်ပြီ၊ ဂူဂူ ဂူဂူနဲ့ မြည်ကုန်ပြီ။

အဲဒီတွင်မှ ငါ ဘယ်သူ့ အားကိုးရပါ့မတုံးဆိုတော့ သြော်...ဘုရားမေးတာ ဖြေမှပဲ၊ မဖြေရင်တော့ ငါ သေတော့မှာပဲ...။ (မှန်ပါ့)။

**ဘယ့်နှယ်ကြောင့် သိကြား ပါလာရသတုံး**

ဒါ ဘယ့်နှယ်ကြောင့် သိကြားက ဆင်းလာရသတုံး မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ ရှင်းပေးပါဦးမယ် နည်းနည်းနော်...။ (မှန်ပါ့)။

ဘုရား တရားမဟောတော့ဘူးလို့ အဋ္ဌမ သတ္တာဟ စံစဉ်က စိတ်ကူးတယ်၊ တရားတွေက နက်လွန်းလို့နော်...။ (မှန်ပါ့)။

ဒကာ ဒကာမတွေကလဲ ရာဂ, ဒေါသ, မောဟတွေ ထူလွန်းလို့ တရားမဟောချင်တဲ့စိတ် ပေါ်လာတယ်၊ တရားနက်လို့ပေါ့ဗျ...။ (မှန်ပါ့)။

အဲဒီတွင် သကြားနဲ့တကွ သဟမ္ပတိ ဗြဟ္မာကြီးနှစ်ယောက်စလုံး ဆင်းလာတယ်၊ အရှင်ဘုရား ဟောတော်မူပါ၊ ဒီအတင်းကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးရှိပါသေးတယ်၊ မကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေအတွက် တပည့်တော်တို့ မတောင်းပန်ပါဘူး၊ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေတရားမှ မနာရရင် အကုန်ဆုံးရှုံးကုန်တော့မယ်...။ (မှန်ပါ)။

အဲဒီတော့ ဓမ္မစက်ကို အရှင်ဘုရားက ဟောပါ၊ အာဏာစကြ် တပည့်တော်တို့က ကူပါ့မယ်၊ အဲဒီမှာ ကတိထားဖူးတယ်...။ (မှန်ပါ)။

ဒါကြောင့် သစ္စက ပေနေမယ်လုပ်လို့ ဆင်းလာတယ်၊ ဟိုက အာဏာစက်နဲ့ ဆင်းလာတယ်။

**သစ္စက အရှုံးပေးရပြီ**

အဲဒါတွင်မှ ကြောက်လဲကြောက်တာနဲ့ ချွေးတွေကထွက်၊ အမျိုးမျိုးအဖုံဖုံဖြစ်နေတာနဲ့၊ ဟေ့...သစ္စက ရုပ်ဟာ အနတ္တလား၊ အတ္တလားကွ မေးတယ်၊ အနတ္တပါဘုရားလို့ ဖြေရော...(မှန်ပါ)၊ ဝေဒနာဟာ အနတ္တလား၊ အတ္တလား မေးပြန်တော့...(အနတ္တလို့ဖြေပါတယ်)၊ ကဲ...သွားကြစို့ရဲ့၊ စိတ်ဟာ အနတ္တလား၊ အတ္တလားလို့မေးတယ်...။ (အနတ္တပါဘုရား)။

ဟော့...သစ္စက မင်း နဂိုက ပြောထားတာနဲ့ မင်းဟာ ရှေ့စကား, နောက်စကား မညီဘူးကွ၊ ဘုရားက ပြောပြန်တယ်...။ (မှန်ပါ့)။

ရှေ့စကား, နောက်စကား မညီဘူးကွ၊ စဉ်းစားဖြေမှ ပေါ့ကွ ဆိုတော့ ဒါဖြင့် မင်း အလုံးစုံ သင်္ခါရဓမ္မတွေ ဘယ့်နှယ်ဆိုမတုံး...။ (အနတ္တပါဘုရား)၊ သဗ္ဗေသင်္ခါရာ အနိစ္စ၊ သဗ္ဗေဓမ္မာ အနတ္တပဲလို့ သူ အကုန်ပဲ ဖြေတော့တာပဲ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို သူဟာ နောက်ဆုံးပိတ် တစ်နေ့ကျတော့ ဒီ အနတ္တဖြေပြီး အရှုံးပေးတော့တာပဲ...။ (မှန်ပါ့)၊ အရှုံးပေးပြီးနေတော့မှ၊ သူ့မှာ ချွေးတွေလဲ အကုန်စီးကျကုန်တော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သြော်...သစ္စကတော့ အတော်ဆင်းရဲနေရှာတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စကမှာ ချွေးတွေဒီးဒီးကျ၊ ရပ်တွေက အကုန်ပျက်ပြီး မှိုင်နေတယ်၊ ဘုရားက သင်္ကန်း လှန်ပြတယ်၊ ငါ့မှာ ချွေး မရှိဘူးတဲ့၊ မင်းမှာသာ ချွေးတွေ များနေတယ်တဲ့၊ သူများ မြင်အောင်လို့ပေါ့လေ...။ (မှန်ပါ့)။

ဒီတွင်မှ နောက်က တပည့် ဒုမ္မုခ လိစ္ဆဝိက ဟာ... သစ္စကကြီးတော့ ပုစွန်ခြေကျိုးဖြစ်ပြီတဲ့၊ လျောင်တာပေါ့လေ...။ (မှန်ပါ့ဘုရား)။

အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ သူနဲ့ စကားပြောတာ ဟော့၊ ငါ့ကို လှောင်မနေကြနဲ့၊ မင်းတို့နဲ့ စကားပြောတာ မဟုတ်ဘူးတဲ့၊ ပြောပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိုင်း...ဒါဖြင့် အကုန်တရားနာပြီး "သဗ္ဗေသင်္ခါရာ အနိစ္စာ, သဗ္ဗေဓမ္မာ အနတ္တာ" တွေ ဟော တော့တာပဲ...။ (မှန်လှပါဘုရား)။

## ဒိဋ္ဌိမပြုတ်လို့ သောတာပန် မတည်ဘူး

ဟောတဲ့အခါ သူသဘောကျတယ်၊ သဘောကျပေ မယ့် သူ့ သဿတဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိက မပြုတ်ဘူး...။ (မှန်ပါ့)၊ မပြုတ်တော့ကို သူ သောတာပန် မတည်နိုင်ဘူး...။ (မှန်ပါ့)၊ မတည်နိုင်ဘဲနဲ့ တရားက အမေး, အဖြေသာဆုံးသွားတယ် ဆိုကြပါစို့...။ (မှန်ပါ့)။

ဒါပါပဲ၊ အနတ္တနဲ့ အတ္တ မေးတာပါပဲ၊ အမေး, အဖြေ ဆုံးသွားပြီး နက်ဖြန် ဆွမ်းစားကြွပါဆိုပြီး သူ ပင့်တယ်၊ ပင့်ပြီးသကာလ ဆွမ်းတို့ ဘာတို့ ကျွေးဖို့ ပြင်နေတုန်း ဘုရားလဲ ကြွလာတာပဲ။

ဘယ့်နှယ်ကြောင့် ဟောသတုံးလို့ မောင်နိုင်က မေးဖို့ လိုလာတယ်...။ (မှန်ပါ့)၊ ဒီ ပုဂ္ဂိုလ်ဟာတဲ့၊ ဝေနေယျကလဲ ငါနဲ့ အမေးအဖြေလုပ်မှ သူ ကျေနပ်မည့် ပုဂ္ဂိုလ်တဲ့၊

ပြီးတော့လဲ အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိကို သူ မဖြုတ်ဘူး တဲ့၊ မဖြုတ်တဲ့အတွက် နောင် ဝါသနာပါရုံလောက်သာ သူ့ကို တတ်နိုင်တယ်၊ အခု ကျွတ်တမ်းဝင်ဖို့ ငါဘုရား မတတ်နိုင်ဘူးတဲ့...။ (မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဘာမပြုတ်လို့တဲ့ ...။ (အတ္တဒိဋ္ဌိပါ)၊ အတ္တဒိဋ္ဌိဆိုတဲ့ သက္ကာယဒိဋ္ဌိ မပြုတ်လို့ ဒကာ ဒကာမကို ဘုရားကိုယ်တော်တိုင် တွေ့ပေမယ့်လဲ ဉာဏ်ထဲက ပွားပြီးမဖြုတ်, ပယ်ပြီး မဖြုတ်လို့ရှိရင်လဲ ဦးညိုကြီး ရပါ့မလား...။ (မရပါ)၊ ကိုင်း... သစ္စကဝတ္ထု မသေချာဘူးလား...။ (သေချာပါတယ် ဘုရား)။

ဘုရားကို ဆွမ်းကျွေးတယ်တဲ့၊ ဆွမ်းကျွေးပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲ...နောက် မင်း ဝါသနာ ပါလေရော့ ဆိုပြီးသကာလသာ ဆွမ်းကို လက်ခံလိုက်တယ်...။ (မှန်ပါ)။

အမေး, အဖြေ ထုတ်လိုက်တော့ ဒိဋ္ဌိမပြုတ်တဲ့အတွက် ပညာရှိ နိုင်ငံကျော် ပုဂ္ဂိုလ်ထူးကိုပဲ ကိုသောင်း...မရဘူး...။ (မှန်ပါ)၊ ရိပ်မိကြပလား...။ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားနဲ့တွေ့တာက ဟောမှုတွေ ရတယ်...။ (မှန်ပါ)၊ ခင်ဗျားတို့က ဟောမှုကို မှတ်ပြီး,

ကျင့်မှုနဲ့ကျင့်ပြီး ပယ်မှုမလုပ်သရွေ့ကာလပတ်လုံး ငါ စိတ် မချရသေးဘူးလို့ မှတ်လိုက်စမ်းပါ…။ (မှန်ပါ)။

ဟောမှုလဲ နာရပါလိမ့်မယ်၊ ကျင့်မှုကော…(ကျင့်ရမှာ ပါ)၊ ကျင့်ရုံကလေးနဲ့လဲ မပြီးသေးဘူး၊ ပယ်မှုကျအောင် ကော…(လိုက်ရမှာပါ)၊ လိုက်ရလိမ့်မယ်ဆိုတာ သေချာ ပလား…။ (သေချာပါပြီဘုရား)။

**အနတ္တမြင်ရင် အတ္တပြုတ်တယ်**

ဒါ့ကြောင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင် ကြည့်ပါ ဆိုတာ အနတ္တအကြည့်ခိုင်းတာ…။ (မှန်ပါ)။

အနတ္တမြင်တော့ အတ္တပြုတ်ကရော…(မှန်ပါ)၊ အတ္တ ပြုတ်တော့ ဒိဋ္ဌိကွာသွားပြီ…။ (မှန်ပါဘုရား)။

ဒိဋ္ဌိကွာသွားတော့ ဒိဋ္ဌုပါဒါန် လာသေးရဲ့လား…။ (မလာပါ)၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံကော…(မလာပါ)၊ မလာတော့ အပါယ်ဇာတိတွေ ဘယ့်နှယ်တုံး…။ (မလာတော့ပါ)၊ မလာ တော့ ဒါ အပါယ်လေးပါး တံခါးပိတ်တယ်…။ (မှန်ပါ)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ စိတ်ရှုတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်ပျက်သာရှု၊ အနိစ္စလဲ သူပဲ၊ ဒုက္ခလဲ သူပဲ၊ အနတ္တလဲ သူပဲလို့ ရှုသာရှု တည့်နေတာပဲ…။ (မှန်ပါဘုရား)။

သို့သော် အနိစ္စ, ဒုက္ခ, အနတ္တ အမည်ရတာကျတော့ သြော်...ဖြစ်ပြီး ပျက်တာပဲ၊ ဖြစ်ပြီး ပျက်တာပဲလို့ ဉဒယဗ္ဗယ နဲ့သာ ရှုလိုက်...။ (မှန်ပါ)၊ ပြီးတာပါပဲ...။ (မှန်ပါ)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။